မြေမှန် The Mirror

၁၃၇၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ရက်၊ ကြာသပတေးနေ့၊ (26-5-2011) (မြေ၇၇၁)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး ☆ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး ☆ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး ☆ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး	☆ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး ☆ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး ☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး ☆ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြည်သူ့လွှတ်တော်/အမျိုးသားလွှတ်တော်ကော်မတီဝင်များ၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများ၏

လွှတ်တော်လုပ်ငန်းဆိုင်ရာဆွေးနွေးပွဲ တတိယနေ့ ဆက်လက်ကျင်းပ

နေပြည်တော်   မေ   ၂၅

ပြည်သူ့လွှတ်တော်/အမျိုးသားလွှတ်တော် ကော်မတီဝင်များ၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများ၏ လွှတ်တော်လုပ်ငန်းဆိုင်ရာဆွေးနွေးပွဲ တတိယနေ့ကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်ရုံးခန်းမ၌ ဆက်လက်ကျင်းပသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့❖

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ ပြည်သူ့လွှတ်တော်/အမျိုးသားလွှတ်တော်ကော်မတီဝင်များ၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများ၏ လွှတ်တော်လုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲ တတိယနေ့တွင် ဆွေးနွေးပြောကြားစဉ်။ (သတင်းစဉ်)

ကျောင်းနေသောကလေးတိုင်း ကျောင်းနေမြဲပြီး သင်ယူတတ်မြောက်မှု အရည်အသွေးမြင့်မားရေး ကျောင်းတွင်းစီမံခန့်ခွဲမှုနှင့် သင်ကြားရေးလုပ်ငန်းများကို အပြည့်အဝ ကြိုးပမ်းဆောင်ရွက်

၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှစပြီး မူလတန်းကျောင်းသုံးစာအုပ်များ အခမဲ့ထောက်ပံ့မည်

နေပြည်တော်   မေ   ၂၅

၁၉၉၉-၂၀၀၀ ပညာသင်နှစ်တွင် အသက်ငါးနှစ်ပြည့်ပြီး ကလေးဦးရေ၏ ၉၁ ရာခိုင်နှုန်းသာ သူငယ်တန်းသို့ ဝင်ရောက်ခဲ့ရာမှ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်တွင် သူငယ်တန်းကျောင်းဝင်နှုန်းသည် ၉၈ ဒသမ ၃၇ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ပြီဖြစ်ကြောင်း၊ အခမဲ့ မူလတန်းပညာရေးစနစ်မှ မသင်မနေရ မူလတန်းပညာရေးစနစ်သို့ တက်လှမ်းနိုင်ရေးအတွက် ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှစပြီး မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ငါးသန်းကျော်အတွက် နိုင်ငံတော်က ငွေကျပ် သန်း ၂၄၀၀ တန်ဖိုးရှိသည့် မူလတန်းအဆင့် ကျောင်းသုံးစာအုပ်များ

စာမျက်နှာ ၃ ကော်လံ ၁ သို့❖

အမှာစကားပြောကြား

အမျိုးသား ပညာရေးကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး ပညာရေးဝန်ကြီးဌာန ၂၀၁၁-၂၀၁၂ ပညာသင်နှစ် နေပြည်တော် ကျောင်းအပ်နှံရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

(26-5)01.pmd 1 5/26/2011, 1:36 AM

၂၆-၅-၂၀၁၁
(ကြာသပတေးနေ့)

စီးပွားကုန်သွယ်မှု လျင်မြန်ချောမွေ့အောင် ကြံဆောင်

ကုန်သွယ်မှုလုပ်ငန်းများသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် မောင်းနှင်အားဖြစ်သည်။ နိုင်ငံတကာတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် အပြိုင်အဆိုင်ကြိုးစားအားထုတ်နေကြပြီ။ သဘာဝသယံဇာတပစ္စည်းများ၊ စက်နှင့်စက်ကိရိယာပစ္စည်းများ၊ ယာဉ်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာသီးနှံများ၊ သားငါးများ တိုးမြှင့်ထုတ်လုပ်၍ နိုင်ငံတကာဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိသည်။

ယင်းသို့သော အခြေအနေအချိန်အခါတွင် နိုင်ငံသူ၊ နိုင်ငံသားများအားလုံးက အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာစေရေး ဟန်ချက်ညီညီကြိုးပမ်းကြရပေမည်။ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကကျသည်။ ကုန်သွယ်မှုလုပ်ငန်းများ လျင်မြန်သွက်လက်ချောမွေ့စေရေး ဝိုင်းဝန်းကြံဆ ဆွေးနွေးဖော်ဆောင်ကြရန် လိုအပ်လာပေပြီ။

ပြည်ပပို့ကုန်လုပ်ငန်းများတွင် ဈေးကွက်သစ်များရရှိရေး၊ ရရှိပြီးဈေးကွက်များခိုင်မာစေရေးနှင့် ပို့ကုန်အမယ်သစ်များ တိုးချဲ့တင်ပို့နိုင်ရေးအားထုတ်ကြရပေမည်။ ကုန်သွယ်မှုလုပ်ငန်းများဖွံ့ဖြိုးမှ ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်လာမည်။ အကျိုးဆက်အဖြစ် ပြည်တွင်းသုံးစွဲမှုဖူလုံသည့်အပြင် ကုန်ဈေးနှုန်းလည်း ပိုမိုတည်ငြိမ်လာမည်။ တစ်ချိန်တည်းတွင် ကုန်သွယ်မှုလုပ်ငန်းများလည်း ပိုမိုဖွံ့ဖြိုးလာမည်ဖြစ်သည်။

ယခင်က ပြည်ပကုန်သွယ်မှုလုပ်ငန်းများကို ရန်ကုန်ဆိပ်ကမ်းမှတစ်ဆင့် ပင်လယ်ရေကြောင်း ထွက်ပေါက်တစ်ခုတည်းဖြင့်သာ လုပ်ကိုင်ခဲ့သည်။ ယခုအခါ ကုန်းတွင်းပိုင်းလမ်းကြောင်းများမှတစ်ဆင့် ကုန်သွယ်မှုလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နေကြပြီဖြစ်သည်။ နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုနည်းလမ်းများဖြင့် လုပ်ကိုင်လျက်ရှိရာ အတားအဆီး အခက်အခဲများကျော်လွှားနိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရပေမည်။

ပြည်ပပို့ကုန်လုပ်ငန်းများတွင် လယ်ယာထွက်ကုန်ပစ္စည်းများ၊ ရေထွက်ပစ္စည်းများ၊ သတ္တု၊ ကျောက်မျက်၊ သစ်တောထွက်ပစ္စည်းစသည်တို့ အများဆုံးတင်ပို့လျက်ရှိသည်။ ကုန်စည်ဒိုင်နှင့် အထူးပြုကုမ္ပဏီများ၊ ပို့ကုန်လုပ်ကိုင်နေသော ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ရောင်းချသောသီးနှံ၊ ကုန်ပစ္စည်းများ အရည်အသွေးကောင်းမွန်ရေး၊ အလေးချိန်မှန်ကန်ရေး အလေးထားကြရန် လိုအပ်သည်။

ယခုအခါ နိုင်ငံတကာမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၊ ရင်းနှီးမြှုပ်နှံမှုများ ဆွေးနွေးလျက်ရှိသည်။ ကုန်သွယ်ရောင်းဝယ်တင်ပို့မှုများ ပိုမိုကျယ်ပြန့်သွက်လက်လာနေပြီ။ ကုန်သွယ်မှုလုပ်ငန်းများ လျင်မြန်ချောမွေ့စေရေး ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များက ပုံမှန်ကုန်သွယ်မှု နည်းလမ်းများနှင့်အညီ ပူးပေါင်းဆောင်ရွက်ကြရပေမည်။ ဈေးကွက်ရှိသော အရည်အသွေးမီကုန်ပစ္စည်းများ တိုးမြှင့်တင်ပို့နိုင်ရေး ကြိုးပမ်းအားထုတ်ကြရေး တိုက်တွန်းလိုက်ရပေသည်။ ။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားစေရေး လေ့ကျင့်သင်ကြားပေး သုတေသနလုပ်ငန်းများ အလေးထားအကောင်အထည်ဖော် ဆောင်ရွက်

နေပြည်တော် မေ ၂၅

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဘဏ်များကြီးကြပ်ရေးကော်မတီနှင့် မြန်မာနိုင်ငံဘဏ်များအသင်း အမှုဆောင်အဖွဲ့၏ (၁၂၈)ကြိမ်မြောက် အစည်းအဝေးကို မေ၂၃ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ ဒုတိယဝန်ကြီး ဦးဝင်းသန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ နိုင်ငံတော်ပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်များမှ ဥက္ကဋ္ဌများ၊ အုပ်ချုပ်မှုဒါရိုက်တာများနှင့် အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီး **(အပေါ်ပုံ)** က ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးကဏ္ဍတွင် ရရှိပြီးဖြစ်သည့် အခြေခံကောင်းများမှတစ်ဆင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို ရှေးရှုသည့် စီမံချက်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ကြရန်၊ ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားစေရေးအတွက် လေ့ကျင့်သင်ကြားပေးခြင်းနှင့် သုတေသနလုပ်ငန်းများကို အလေးထား အကောင်အထည်ဖော် ဆောင်ရွက်ကြရန်၊ ပြောင်းလဲတိုးတက်လျက်ရှိသည့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများကို အကျိုးရှိစွာ အသုံးချနိုင်ရေး အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သာစည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ မေ ၁၇ ရက်က မြို့မဈေးကြီးအတွင်း ဈေးသူ၊ ဈေးသားများနှင့် ပူးပေါင်း၍ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးကျော်နိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအေးသူတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး ပညာသင်ထောက်ပံ့ကြေး ပေးအပ်

ရန်ကုန် မေ ၂၅

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးရှိ တပ်ဖွဲ့ဝင်နှင့် စာရေးဝန်ထမ်း သားသမီးများအား ၂၀၁၁-၂၀၁၂ ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲကို မေ ၂၀ ရက် ညနေ ၃ နာရီ က ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအောင်ဒိုင်းက ပညာသင်ထောက်ပံ့ကြေးပေးအပ်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအောင်ဒိုင်း၊ ဒုတိယတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးနှင့် ခရိုင်ရဲတပ်ဖွဲ့မှူးများ၏ ဇနီးများက တက္ကသိုလ်အဆင့် ၇၀၊ အထက်တန်းအဆင့် ၇၅ ဦး၊ အလယ်တန်းအဆင့် ၁၅၅ ဦး၊ မူလတန်းအဆင့် ၁၄၆ ဦးတို့အတွက် ပညာသင်ထောက်ပံ့ကြေးငွေကျပ် ၃၄၈၄၀၀၀ ကို ပေးအပ်ခဲ့ကြောင်းသိရသည်။**(အောက်ပုံ)** (ကြေးမုံ)

မိုးစပါးစိုက်ပျိုးရေး ဘဏ်ချေးငွေ ဖြူးမြို့နယ်၌ထုတ်ချေး

ဖြူး မေ ၂၅

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ဖြူးမြို့နယ် ကျေးရွာအုပ်စု ၆၂ အုပ်စုမှ တောင်သူလယ်သမားကြီးပေါင်း ၁၅၀၀၀ ခန့်တို့အား မိုးစပါးစိုက်ဧက ၁၀၅၄၂၀ အတွက် တစ်ဧက ကျပ် ၂၀၀၀၀ နှုန်းဖြင့် ကျပ်ငွေပေါင်း သိန်း ၂၁၀၈၄ သိန်းကို ၂၀၁၁ ခုနှစ် မိုးရာသီစပါးစိုက်ပျိုးရေးအတွက် ထုတ်ချေးသွားရန် ဖြူးမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မြို့နယ်မန်နေဂျာနှင့် ဝန်ထမ်းများက ကျေးရွာအုပ်စုဘဏ်ခွဲအလိုက် မေ ၁၀ ရက်မှစတင်၍ ပိတ်ရက်မရှိ ထုတ်ချေးလျက်ရှိရာ မေ ၂၃ ရက်အထိ ကျေးရွာအုပ်စုဘဏ် ၁၄ ဘဏ်မှ လယ်သမားကြီးပေါင်း ၂၆၉၅ ဦးတို့အား ထုတ်ချေးပြီးဖြစ်သည်။

ကျန်ရှိသောလယ်သမားကြီးများအား သတ်မှတ်ရက်အတွင်း ဘဏ်ပိတ်ရက်မရှိ ဆက်လက်ထုတ်ချေးသွားမည်ဖြစ်ကြောင်း သိရသည်။ (၁၁၃)

ရန်ကုန်မြို့ လှိုင်မြို့နယ် (၁၆)ရပ်ကွက် မာလာမြိုင် (၆)လမ်းနေ ဦးကျော်ထွေးမင်း-ဒေါ်မော်မော်လွင်နှင့် ညီမများက မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ကညော်ကျေးရွာ ဖွံ့ဖြိုးရေးဆောင်ရွက်ရန်အတွက် အလှူငွေကျပ် တစ်သိန်း လှူဒါန်းရာ ကညော်ကျေးရွာ လူမှုရေးအသင်း အတွင်းရေးမှူး(၁) ဦးဆန်းဦးနှင့် အတွင်းရေးမှူး(၂) ဦးဌေးအောင်တို့ လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (ကြေးမုံ)

ညောင်လေးပင်မြို့၌ ဘိုးဘွားရိပ်သာဖွင့်

ညောင်လေးပင် မေ ၂၅

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ ဘိုးဘွားရိပ်သာဖွင့်ပွဲအခမ်းအနားကို မေ ၂၁ ရက်က မြို့မ(၁)ရပ်ကွက် စက်ရုံလမ်း၌ ကျင်းပရာ အလှူရှင် ဦးချွန်းနား-ဒေါ်ခင်ရီ မိသားစုက ဘိုးဘွားရိပ်သာ ကမ္ပည်းမော်ကွန်းကျောက်စာကို ဖွင့်လှစ်ပေးသည်။ အလှူရှင်မိသားစုက ၎င်းတို့ပိုင် နှစ်ထပ်တိုက်အိမ်နှင့် ပေ ၁၂၀ × ၁၃၀ အကျယ်ရှိ ခြံမြေတို့အား ဘိုးဘွားရိပ်သာအဖြစ် လှူဒါန်းခြင်း ဖြစ်သည်။ယခု လှူဒါန်းသော ဘိုးဘွားရိပ်သာ (ညောင်လေးပင်)တွင် မှီခိုရာကင်းမဲ့သော အဘိုး၊ အဘွားများကို စောင့်ရှောက်ပေးလျက်ရှိသည်။ အလှူရှင်များအနေဖြင့် အဘိုး၊ အဘွားများအတွက် လှူဒါန်းလိုပါက ဘိုးဘွားရိပ်သာ (ညောင်လေးပင်) ဖုန်း-၀၅၂-၅၀၇၇၂ နှင့် ၀၉-၅၃၈၅၃၉၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၅၆၈)

❖ပြည်သူ့လွှတ်တော်မှ

အဆိုပါ လုပ်ငန်းဆိုင်ရာဆွေးနွေးပွဲသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၏ ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ လွှတ်တော်အခွင့်အရေးကော်မတီနှင့် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီတို့မှ အတွင်းရေးမှူးများနှင့် ကော်မတီဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လွှတ်တော်ဥက္ကဋ္ဌများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာနှင့် အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းတို့က လွှတ်တော်လုပ်ငန်းဆိုင်ရာဆွေးနွေးပွဲနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ဆွေးနွေးပြောကြားကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဝင်များနှင့် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများက လွှတ်တော်လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ဆက်လက်ဆွေးနွေးညှိနှိုင်းဆောင်ရွက်ကြပြီး ဆွေးနွေးပွဲတတိယနေ့ကို မွန်းလွဲပိုင်းတွင် ရပ်နားလိုက်သည်။ (သတင်းစဉ်)

✤ ရှေ့ဖုံးမှ

အခမဲ့ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်းဖြင့် ယနေ့နံနက် ၈ နာရီတွင် နေပြည်တော် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း သီရိမင်္ဂလာခန်းမ၌ ကျင်းပသော ပညာရေးဝန်ကြီးဌာန ၂၀၁၁-၂၀၁၂ ပညာသင်နှစ် နေပြည်တော် ကျောင်းအပ်နှံရေးနေ့ အထိမ်းအမှတ် အခမ်းအနား၌ အမျိုးသားပညာရေးကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ကျောင်းနေရေးလုပ်ငန်းများတွင် ကိုယ်အား၊ ဉာဏ်အား၊ ငွေကြေး၊ ပစ္စည်းအင်အားဖြင့် ပူးပေါင်းပါဝင်ခဲ့ကြသည့် ပညာရေးဝန်ထမ်းများ၊ ဆရာ၊ ဆရာမများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပညာရေးစေတနာရှင်များ၊ မိဘပြည်သူများအနေဖြင့်လည်း ကျောင်းနေအရွယ်ကလေးတိုင်း အခြေခံပညာအဆင့်အလိုက် သင်ယူပြီးမြောက်ရေးအတွက် နှစ်တိုစီမံကိန်း ကာလအလိုက် ရည်မှန်းချက်များ ပြည့်မီကျော်လွန်သည်အထိ ဆက်လက်ပူးပေါင်း ပါဝင်ဆောင်ရွက်ပေးကြပါရန်နှင့် အခြေခံပညာ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများအနေဖြင့် ကျောင်းနေသော ကလေးတိုင်း ကျောင်းနေမြဲပြီး သင်ယူတတ်မြောက်မှု အရည်အသွေးမြင့်မားရေးအတွက် ကျောင်းတွင်းစီမံခန့်ခွဲမှုနှင့် သင်ကြားရေးလုပ်ငန်းများကို အပြည့်အဝ ကြိုးပမ်းဆောင်ရွက်ပေးကြစေလိုကြောင်းဖြင့်လည်း တိုက်တွန်းမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မူလတန်းအဆင့် ကျောင်းသုံးစာအုပ်များကို မြို့နယ်ပညာရေးမှူးများထံသို့ ပေးအပ်လှူဒါန်းသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် ဦးသန်းအောင်က နေပြည်တော်ကောင်စီနယ်မြေရှိ မြို့နယ်ရှစ်မြို့နယ်တို့မှ ဆင်းရဲနွမ်းပါးသည့် ကျောင်းသား၊ ကျောင်းသူများအတွက် တစ်မြို့နယ်လျှင် အလှူငွေကျပ် ၁၀ သိန်းစီကို မြို့နယ်အုပ်ချုပ်ရေးမှူးများထံသို့လည်းကောင်း၊ အမှတ်(၂)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(တာဝန်) ဦးရဲလွင်အောင်က နေပြည်တော်ကောင်စီနယ်မြေရှိ မြို့နယ်ရှစ်မြို့နယ်တို့မှ ကျောင်းသား၊ ကျောင်းသူများအတွက် လေ့ကျင့်ခန်းစာအုပ် ဒါဇင် ၉၁၀၀ ကို လက်ထောက်ပညာရေးမှူး ဦးမိုးမြင့်ကျော်ထံသို့လည်းကောင်း ပေးအပ်လှူဒါန်းသည်။

ထို့နောက် အမျိုးသားပညာရေးကော်မတီဝင်များနှင့် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေး ဗဟိုဦးစီးကော်မတီဝင်များသည် နေပြည်တော် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းအပ်နှံနေမှုများကို လှည့်လည်ကြည့်ရှုကြပြီး မူလတန်းအဆင့်ကျောင်းသား၊ ကျောင်းသူများအား အခမဲ့ ကျောင်းသုံး စာအုပ်များကို ပေးအပ်သည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး၊ ဒုတိယဝန်ကြီး ဦးဘရွှေနှင့် တာဝန်ရှိသူများသည် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏာသီရိမြို့ရှိ အမှတ်(၁၈) အခြေခံပညာအထက်တန်းကျောင်း၊ ပုဗ္ဗသီရိမြို့ အမှတ်(၂၀) အခြေခံပညာ အထက်တန်းကျောင်းနှင့် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၊ ဇေယျာသီရိမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းများသို့ သွားရောက်ပြီး ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ကျောင်းအပ်နှံနေမှုများကိုလှည့်လည်ကြည့်ရှုကာ အခြေခံပညာမူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများအား အခမဲ့ကျောင်းသုံးစာအုပ်များကို ပေးအပ်သည်။

အလားတူပင် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူ နေပြည်တော်ကောင်စီဝင် ဦးသန်းအောင်နှင့်အဖွဲ့သည် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့ အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်း၊ ပျဉ်းမနားမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ လယ်ဝေးမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းများသို့ သွားရောက်ကြပြီး ၂၀၁၁-၂၀၁၂ ပညာသင်နှစ် အခြေခံပညာကျောင်းအလိုက် ကျောင်းအပ်နှံနေမှုများကို ကြည့်ရှုလေ့လာကာ အခြေခံပညာမူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများအား အခမဲ့ကျောင်းသုံးစာအုပ်များကို ပေးအပ်ကြသည်။

၂၀၁၁-၂၀၁၂ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားများကို မေလနောက်ဆုံးရက်သတ္တပတ်ဖြစ်သည့် ၂၅ ရက်မှ ၃၁ ရက်အတွင်း တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် မြို့နယ်များရှိ အခြေခံပညာကျောင်းများတွင်လည်း ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာမှ နှိုးဆော်အကြောင်းကြားထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရောဝတီတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သက်သက်ဆွေနှင့် အဖွဲ့ဝင်များ မေ ၂၁ ရက် နံနက်ပိုင်းက ဖျာပုံမြို့ ရွှေရတုရိပ်သာခန်းမ၌ ရပ်ကွက်၊ ကျေးရွာ မိခင်ကလေး ဆယ်အိမ်စုမှူးများနှင့် တွေ့ဆုံကာ ဆယ်အိမ်စုမှူးများ အရည်အသွေးမြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပစဉ်။ (ခရိုင်ပြန်/ဆက်)

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား ဂျာမနီနိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၂၅

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ သံအမတ်ကြီး H.E. Mr. Julius Georg Luy နှင့်အဖွဲ့သည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး**(အပေါ်ပုံ)** နှစ်နိုင်ငံ လယ်ယာကဏ္ဍပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိုးရာသီ သစ်ပင်စိုက်ပျိုးရာ၌ ပြည်သူများ ပူးပေါင်းပါဝင် ကျေးရွာသုံးစိုက်ခင်းများအား ဒေသခံများ စနစ်တကျအသုံးချနိုင်ရန်စီမံ

နေပြည်တော် မေ ၂၅

၂၀၁၁ ခုနှစ် မိုးရာသီကာလတွင် နိုင်ငံအဝန်း လူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးရေးကို သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့် စီမံချက်ရေးဆွဲအကောင်အထည်ဖော်လျက်ရှိရာ ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများဖြစ်သည့် မြေပြုပြင်ခြင်း လုပ်ငန်းများ၊ သစ်ပင်ပျိုးထောင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

သစ်တောရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းသည် လူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးရေးအတွက် ကြိုတင်ဆောင်ရွက်ထားမှုများကို လှည့်လည်ကြည့်ရှု စစ်ဆေးရာ **(အပေါ်ပုံ)** မေ ၂၃ ရက်တွင် ပဲခူးမြို့နယ်သစ်တောဦးစီးဌာန ဝါးကတုတ်ပျိုးဥယျာဉ်၌ပျိုးပင်များ ပြုစုပျိုးထောင်ထားမှုကိုလည်းကောင်း၊ မေ ၂၄ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ကောင်းမှုတော် သစ်တောပျိုးဥယျာဉ်၌ မင်းဝံတောင်တန်း စိမ်းလန်းစိုပြည်ရေး၊ ကျေးလက်အိမ်ရာ ထူထောင်ရေးတို့အတွက် တစ်ရွာတစ်ဧက တစ်အိမ်ထောင် ကျွန်းသုံးပင်၊ ယူကလစ်အပင် ၂၀ စိုက်ပျိုးရန်နှင့် လမ်းဘေးဝဲ/ယာ အရိပ်ရပင်များ စိုက်ပျိုးရန် သစ်ပင်မျိုးစုံ တစ်သိန်း လေးသောင်းကျော် ပျိုးထောင်ထားရှိမှုကိုလည်းကောင်း၊ သစ်တောဦးစီးဌာန၏ ပံ့ပိုးမှုဖြင့် ဖြန့်ဝေစိုက်ပျိုးထားသော စစ်ကိုင်းမြို့နယ် ရွာသစ်ကျေးရွာနှင့် ချောင်းဦးမြို့နယ် နတ်ရေကန်ကျေးရွာတို့၌ ကျေးလက်အိမ်ရာထူထောင်ရေးအတွက် စိုက်ပျိုးထားသော တစ်ရွာတစ်ဧကစိုက်ခင်းနှင့် တစ်အိမ်ထောင် ကျွန်း သုံးပင်၊ ယူကလစ်အပင် ၂၀ စိုက်ပျိုးထားရှိမှု၊ ချောင်းဦးမြို့နယ် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ရေပိုးစားပျိုးဥယျာဉ်ရှိ သစ်ပင်မျိုးစုံ ပျိုးထောင်ထားရှိမှုနှင့် ပျိုးဥယျာဉ်အနီး နတ်ရေကန် ကာကွယ်တောအတွင်း ၂၀၁၀ခုနှစ် မိုးရာသီက စိုက်ပျိုးထားသော ကျေးရွာသုံးစိုက်ခင်း ၂၂၅ ဧကတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးတို့သည် မုံရွာမြို့နယ် ဗောဓိတထောင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ယင်းသို့ လှည့်လည်ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၁၁ ခုနှစ် မိုးရာသီကာလတွင် လူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးရာ၌ ဒေသခံပြည်သူများ အင်တိုက်အားတိုက် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေး၊ စိုက်သမျှသစ်ပင်များ ရှင်သန်ဖြစ်ထွန်းရေး၊ ထို့အပြင် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲအတွက် တည်နေရာရွေးချယ်ခြင်း၊ မြေပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရေး၊ တောင်စဉ်တောင်တန်းများ စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ရာတွင် သက်တမ်းရင့် ပျိုးပင်ကြီးများဖြင့် စိုက်ပျိုးမည့် ကျင်းများအတွင်း သဘာဝမြေဩဇာများ အစားထိုးထည့်သွင်း၍ စိုက်ပျိုးရေး၊ ဒေသခံပြည်သူများ၏ အခြေခံလိုအပ်ချက်ဖြစ်သည့် ထင်း၊ တိုင်၊ မျောစသည်တို့ ဖြည့်ဆည်းပေးနိုင်ရေးအတွက် နိုင်ငံတော် ဘဏ္ဍာငွေဖြင့် တည်ထောင်ထားရှိသည့် သတ်မှတ်ကာလ ပြည့်မီပြီးဖြစ်သော ကျေးရွာသုံးစိုက်ခင်းများအား ဒေသခံများ စနစ်တကျ အသုံးချနိုင်ရန် စီမံခန့်ခွဲပေးရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၆-၅-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖွံ့ဖြိုးအတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အဂ္ဂိဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး- ဂီတစာဆိုမျိုးနွယ်ဆွေ)
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈း၁၀ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၈း၂၀ ၈။ အကပဒေသာ
- ၈း၃၅ ၉။ အဆိုပြိုင်ပွဲ
- ၈း၄၀ ၁၀။ International News
- ၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၃း၃၀ ၁။ Myanmar National League MNL Grand Royal Cup (2011) ဘောလုံးပြိုင်ပွဲ ထုတ်လွှင့်မှုအစီအစဉ် (ရန်ကုန်ယူနိုက်တက် FC နှင့် Southern Myanmar FC)
- ၅း၀၀ ၂။ တေးဂီတအစီအစဉ်
- ၅း၁၅ ၃။ ပြန်လည်တည်ထောင် ပြုစုပျိုးထောင်လျက်ရှိသော ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသရှိ ဒီရေတောများ
- ၅း၂၀ ၄။ သိပ္ပံနှင့်သဘာဝပတ်ဝန်းကျင်
- ၅း၃၅ ၅။ အကျွဲရာများက ပြောသောစကား
- ၆း၀၀ ၆။ ညနေခင်းသတင်း
- ၆း၁၅ ၇။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၈။ **ပျော်ရွှင်စေသော နေ့ရက်များ “အချစ်ကော်ဖီ” (အပိုင်း-၅၂) (ကိုလင်း၊ စိစိ၊ ရဲရဲယု၊ ယုဇနဗိုလ်မြင့်) (ဒါရိုက်တာ- အောင်ကျော်သူရ)**
- ၆း၄၀ ၉။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
- ၇း၀၀ ၁၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ချစ်သူ့နယ်နိမိတ်” (ဒုတိယတွဲ)(အပိုင်း-၃၅)**
- ၈း၀၀ ၁၁။ ပြည်တွင်းသတင်း
- ၁၂။ နိုင်ငံတကာသတင်းများ
- ၁၃။ မိုးလေဝသအခြေအနေ
- ၁၄။ **“အစာလည်းဆေး၊ ဆေးလည်းအစာ” (အပိုင်း-၂၉)**
- ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ထူးခြားသောမိသားစု” (အပိုင်း-၁၉)**
- ၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ “သစ္စာလွှမ်းသောမေတ္တာ” (အပိုင်း-၆၂)**
- ၁၇။ အစီအစဉ်ပြီး၏။

တို တို ထွ ာ ထွ ာ ဖ တ် စ ရ ာ

ပန်းတောင်းမြို့နယ်အတွင်း မိုးသက်လေပြင်းတိုက်ခတ်

ပန်းတောင်း မေ ၂၅

ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း ပြည်ခရိုင် ပန်းတောင်းမြို့နယ်တွင် မေ ၂၅ ရက် မွန်းလွဲ ၂ နာရီမှ ၂ နာရီခွဲခန့်အထိ မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် စွယ်တော်ကျေးရွာ၊ ညောင်ပင်ကုန်းကျေးရွာ၊ ကျောက်စလစ်ကုန်းကျေးရွာတို့မှ နေအိမ်အနည်းငယ်နှင့် တောင်ဗွေကျေးရွာအုပ်စု သဲကောဘုတာရုံတို့ အမိုးများလန်သွားသည်။ ဇီးကုန်းရွာ နဝဒေးတံတားချဉ်းကပ် လမ်းတွင် ဓာတ်တိုင်တစ်တိုင် လဲကျသွားပြီး တောင်ဗွေကျေးရွာအုပ်စု မြစ်ကိုင်းရွာအနီးတွင် သစ်ကိုင်းကျိုးကျ၍ တယ်လီဖုန်းလိုင်းကြိုး ပြတ်တောက်ခဲ့ကြောင်း သတင်းရရှိသည်။

(ကြေးမုံ)

အိန္ဒိယသမုဒ္ဒရာ၌ ရေတပ်အခြေစိုက်စခန်း တည်ဆောက်ရန် တရုတ်နိုင်ငံကို ပါကစ္စတန်က ကမ်းလှမ်း

အစ္စလာမ္မာဘတ် မေ ၂၅

ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်းရှိ ဂွါဒါဆိပ်ကမ်း **(အောက်ပုံ)**၌ တရုတ်နိုင်ငံ၏ ဘဏ္ဍာရေးအထောက်အပံ့ဖြင့် ရေတပ်အခြေစိုက်စခန်းတစ်ခု တည်ဆောက်ရန် ကမ်းလှမ်းခဲ့မှုကို ပါကစ္စတန်နိုင်ငံက ဖိုင်နယ်ရှယ်လ်တိုင်းမ်သတင်းစာသို့ အတည်ပြုပြောကြားခဲ့ကြောင်း မေ ၂၄ ရက် သတင်းများတွင် ဖော်ပြထားသည်။

ပါကစ္စတန်ဝန်ကြီးချုပ် ယူဆွတ်ရာဇာဂီလာနီ ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်း တရုတ်နိုင်ငံသို့ အလည်အပတ်ခရီးသွားရောက်ခဲ့စဉ်အတွင်း ရေတပ်စခန်းတည်ဆောက်မှုဆိုင်ရာ ကမ်းလှမ်းမှုကို တရုတ်နိုင်ငံက ကြားသိခဲ့ပြီးဖြစ်ကြောင်း ပါကစ္စတန်ကာကွယ်ရေးဝန်ကြီး ချောက်ဒရီအာမက်မွတ်ခ်တားက ပြောကြားခဲ့သည်။

ဖိုင်နယ်ရှယ်လ်တိုင်းမ်သတင်းစာ၏အဆိုအရ အနာဂတ်ကာလ၌ အဆိုပါ ရေတပ်စခန်းသို့ တရုတ်စစ်သင်္ဘောများ ပုံမှန်လာရောက်လည်ပတ်ခွင့်ရှိမည်ဖြစ်ပြီး အိန္ဒိယသမုဒ္ဒရာအတွင်းရှိ တရုတ်ရေတပ်အတွက် ပြုပြင်ထိန်းသိမ်းမှုများ ပြုလုပ်နိုင်သည့်နေရာတစ်ခုအဖြစ် ပါကစ္စတန်တာဝန်ရှိသူတစ်ဦးက ရည်ညွှန်းဖော်ပြခဲ့ကြောင်း သိရသည်။

ဂွါဒါဆိပ်ကမ်း၌ ရေတပ်အခြေစိုက်စခန်းတည်ဆောက်ရေး ပါကစ္စတန်၏ကမ်းလှမ်းချက်ကို တရုတ်နိုင်ငံက လူသိရှင်ကြားတိုက်ရိုက်တုံ့ပြန်ခြင်းမရှိသေးပေ။

သို့ရာတွင် တရုတ်နိုင်ငံက ပင်လယ်ရပ်ခြားရေတပ်စခန်းထားရှိရန် စတင်လာဖွယ် အလားအလာရှိနေခြင်းသည် တရုတ်နိုင်ငံ၏ စစ်ရေးဩဇာကို တစ်ကမ္ဘာလုံး အတိုင်းအတာအရ ဖြန့်ကြက်ရန် ရည်ရွယ်သည့် လက္ခဏာတစ်ရပ်အဖြစ် ဆိုနိုင်ကြောင်း အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့ရှိ အမျိုးသားကာကွယ်ရေးတက္ကသိုလ် အကြီးတန်းသုတေသီတစ်ဦးကဆိုသည်။

တရုတ်နိုင်ငံ၏ စစ်အင်အားမြင့်မားလာမှုသည် ကမ္ဘာကြီးအတွက် ခြိမ်းခြောက်မှုတစ်ရပ်မဟုတ်ဘဲ အကျိုးစီးပွားဖြစ်ထွန်းရေးကိုသာ ဖော်ဆောင်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံက အလေးအနက် ပြောကြားခဲ့သည်။

ဂွါဒါဆိပ်ကမ်း ရေတပ်အခြေစိုက်စခန်း တည်ဆောက်ရေးကမ်းလှမ်းမှုကို တရုတ်နိုင်ငံက လက်ခံခဲ့ပါက ယင်းရေတပ်စခန်းသည် ဒေသတွင်း သွားလာနေသော ရေနံတင်သင်္ဘောများကိုကာကွယ်ရန်၊ အာရေဗီးယန်းပင်လယ်ပြင်၌ တရုတ်စစ်သင်္ဘောများနှင့် ရေငုပ်သင်္ဘောများ ပုံမှန်ကင်းလှည့်မှုနှင့် လေ့ကျင့်မှုများပြုလုပ်ရန် အထောက်အကူပြုမည်ဖြစ်သည်။ **အင်တာနက်။**

အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းတွင် မေ ၂၅ ရက်၌ ကျင်းပသော (၁၆)ကြိမ်မြောက် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ဝင်နိုင်ငံများ၏ ဝန်ကြီးအဆင့် အစည်းအဝေး၌ အင်ဒိုနီးရှားသမ္မတ အဖွင့်မိန့်ခွန်းပြောကြားစဉ်။

ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ဝင်နိုင်ငံများ၏ ဝန်ကြီးအဆင့်ညီလာခံ အင်ဒိုနီးရှား၌ ကျင်းပ

ဂျာကာတာ မေ ၂၅

ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ (၁၆)ကြိမ်မြောက် ဝန်ကြီးများအဆင့် ညီလာခံကို အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၌ မေ ၂၅ ရက်က ကျင်းပရာ အင်ဒိုနီးရှားသမ္မတ ဆူဆီလိုဘန်ဘန်းယူဒိုယိုနို တက်ရောက်၍ ညီလာခံအဖွင့်အမှာစကား ပြောကြားခဲ့သည်။

၁၁၈ နိုင်ငံပါဝင်သော ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့သည် ငြိမ်းချမ်းရေးအတွက် ကမ္ဘာ့သမိုင်း၌ အကြီးအကျယ်ဆုံး လှုပ်ရှားမှုကို ဖော်ဆောင်နိုင်ခဲ့သော အဖွဲ့ကြီးဖြစ်ကြောင်း သမ္မတယူဒိုယိုနိုက ဂုဏ်ပြုပြောကြားခဲ့သည်။

တည်ငြိမ်၍ အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုကို အခြေခံသော ဆက်ဆံရေးကို ထိန်းသိမ်းထားရန် ကမ္ဘာ့အင်အားကြီးနိုင်ငံများအား မိမိတို့ တိုက်တွန်းရမည်ဖြစ်ကြောင်း သမ္မတယူဒိုယိုနို၏ ညီလာခံအဖွင့်မိန့်ခွန်းတွင် ထည့်သွင်းဖော်ပြထားသည်။

ကမ္ဘာ့နိုင်ငံကြီးများ၏ အင်အားအရွေ့ပြောင်းထန်မှုကြောင့် မဟာဗျူဟာတင်းမာမှုအသစ်တစ်ရပ် ပေါ်ပေါက်မလာစေရေးအတွက် အာမခံချက်ရယူရန် မိမိတို့အနေဖြင့် ကူညီသင့်ကြောင်း ညီလာခံတက်ရောက်လာသော ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများအား အင်ဒိုနီးရှားသမ္မတက ပြောကြားသည်။

နျူကလီးယားလက်နက်များ အလုံးစုံဖျက်သိမ်းရေးနှင့် အငြင်းပွားမှုများ၊ ပဋိပက္ခများကို ငြိမ်းချမ်းသောနည်းလမ်းများဖြင့်သာ ဖြေရှင်းကြရန် ကမ္ဘာ့နိုင်ငံအားလုံးအား သမ္မတယူဒိုယိုနိုက တောင်းဆိုခဲ့သည်။

ရန်သူများက မိတ်ဆွေများဖြစ်လာစေရန်နှင့် မိတ်ဆွေများက လုပ်ဖော်ကိုင်ဖက်များဖြစ်လာစေရေးအတွက် အပြုသဘောဆောင်သော လုံခြုံရေးအရ ပူးပေါင်းဆောင်ရွက်မှုလမ်းစဉ်ကို အားပေးသွားရန် လိုအပ်ကြောင်း ယူဒိုယိုနိုက ဆိုသည်။ **အေအက်ဖ်ပီ။**

အလာစကာဒေသကို အမေရိကန်သို့ ရောင်းချရန် ကြားဝင်စေ့စပ်ခဲ့သူ ရုရှားသံတမန်၏ ဆုတံဆိပ်များ လေလံတင်မည်

လန်ဒန် မေ ၂၅

အမေရိကန်ပြည်ထောင်စုက ရုရှားနိုင်ငံထံမှ အလာစကာဒေသကို ဝယ်ယူရေးအတွက် ကြားဝင်စေ့စပ် ဆွေးနွေးပေးခဲ့သော သံတမန်တစ်ဦးကို ရုရှားဇာဘုရင်က ကျေးဇူးတင်လွန်းသဖြင့် ချီးမြှင့်ခဲ့သော ဆုများကို လန်ဒန်မြို့ လေလံပွဲတစ်ခု၌ လာမည့်လတွင် ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဝီလီယမ်ဆီးဝပ်ဒ်နှင့် အမေရိကန်နိုင်ငံဆိုင်ရာ ရုရှားသံတမန် အက်ဒွိုက်ဒီစတိုးတို့ ညလုံးပေါက်ဆွေးနွေးခဲ့ကြပြီးနောက် အရောင်းအဝယ်ဖြစ်ကာ အလာစကာဒေသသည် ၁၈၆၇ ခုနှစ်၌ အမေရိကန်ပြည်ထောင်စု၏ ၄၉ ခုမြောက် ပြည်နယ်ဖြစ်လာခဲ့သည်။

တက္ကဆက်ပြည်နယ်ထက် အရွယ်အစားနှစ်ဆရှိပြီး ရုရှားနိုင်ငံက အလာစကာခရိုင်ဟု ခေါ်သည့်ဒေသကို ဝယ်ယူရန် အမေရိကန်ပြည်ထောင်စုက ဒေါ်လာ ၇ ဒသမ ၂ သန်း ပေးအပ်ခဲ့ရသည်။

ဝေဖန်သူများက အလာစကာပြည်နယ် အရောင်းအဝယ်ကို "ဆီးဝပ်ဒ်၏ ရူးမိုက်မှု"ဟူ၍လည်းကောင်း၊ အလာစကာပြည်နယ်ကို "ဆီးဝပ်ဒ် ၏ ရေခဲဘူး" ဟူ၍လည်းကောင်း အမျိုးမျိုးအဖုံဖုံ ဝေဖန်ခဲ့ကြသော်လည်း ယင်းဒေသ၌ ရွှေ၊ ကြေးနီနှင့် ရေနံများ ရှာတွေ့ခဲ့ချိန်၌ လေသံပြောင်းကာ ဝေဖန်မှုများလည်း ရပ်ဆိုင်းသွားခဲ့သည်။

ထိုစဉ်ကာလက ငွေကြေးပြတ်လပ်မှုနှင့် ရင်ဆိုင်နေရာမှ အလာစကာပြည်နယ် အရောင်းထွက်မှုကြောင့် စိတ်သက်သာရာရသွားသော ဇာဘုရင် အလက်ဇန်းဒါး-၂ ၏ဆုတော်လာဘ်တော်များကိုလည်း သံတမန် အက်ဒွိုက်ဒီစတိုးက မြိုးမြိုးမြက်မြက် ရရှိခဲ့သည်ဟုဆိုသည်။

မော်တန်နှင့် အေဒင်လေလံအဖွဲ့က ဇွန် ၁၁ ရက်တွင် လေလံတင်ရောင်းချသွားမည့် သံတမန် အက်ဒွိုက်ဒီစတိုးရရှိခဲ့သော ဆုတံဆိပ်များ တန်ကြေးကို စုစုပေါင်း ပေါင်စတာလင် ၁၅၀၀၀၀ အထိ ဈေးခေါ်သွားမည်ဟု မျှော်လင့်ရသည်။ **ရိုက်တာ။**

မျိုးမတူ ဇာတ်ခြားသော်လည်း

မိခင်ကျားမကြီး၏ စွန့်ပစ်ခြင်းခံရသော (Liger) ခေါ် ခြင်္သေ့နှင့် ကျားမျိုးစပ် သတ္တဝါလေး နှစ်ကောင်အား မိခင်စိတ်၏ လှုံ့ဆော်မှုဖြင့် နို့ချိုတိုက်ကျွေးနေသည့် ခွေးတစ်ကောင်ကို တရုတ်နိုင်ငံအရှေ့ပိုင်း ဝေဟိုင်းမြို့ သဘာဝတောရိုင်းတိရစ္ဆာန်ဥယျာဉ်၌ မေ ၂၄ ရက်က ဤသို့ တွေ့မြင်ရသည်။

ဆင်များ၏ ရှင်သန်ကျက်စားမှုကို အကာအကွယ်ပေးရန် ရှစ်နိုင်ငံ ကတိပြု

နယူးဒေလီ မေ ၂၅

အနာဂတ်ကာလ၌ ဆင်များ ဆက်လက်ရှင်သန်နိုင်ရေးအတွက် အာမခံချက်ပေးနိုင်ရန် ယင်းသတ္တဝါများကို အမဲလိုက်သတ်ဖြတ်ခြင်းနှင့် ဆင်စွယ်မှောင်ခိုရောင်းဝယ် မှုတို့ကို မြေလှန်တိုက်ဖျက်ရေးအတွက် ဆင်ကောင်ရေအများအပြား ကျန်ရှိဆဲဖြစ်သည့် နိုင်ငံပေါင်းရှစ်နိုင်ငံမှ ကိုယ်စားလှယ်များက မေ ၂၄ ရက်တွင် ကတိကဝတ်ပြုခဲ့ကြသည်။

အင်္ဂါနေ့က ကျင်းပသည့် ဆင်ကောင်ရေ အများအပြား ကျန်ရှိဆဲနိုင်ငံ ရှစ်နိုင်ငံ၏ ဝန်ကြီးများအဆင့် အစည်းအဝေး၌ ဆင်များ ကျက်စားရာနေရာများအား သတ္တုတူးဖော်ရေးလုပ်ငန်းများ၊ သစ်တောပြုန်းတီးမှုနှင့် စိုက်ပျိုးမြေချဲ့ထွင်ပြုပြင်မှုတို့က ခြိမ်းခြောက်နေသည့်အဖြစ်ကို အလေးပေး ဆွေးနွေးခဲ့ကြသည်။

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ကျင်းပသော အဆိုပါ ဆွေးနွေးပွဲသို့ ထိုင်း၊ သီရိလင်္ကာ၊ အင်ဒိုနီးရှား၊ အိန္ဒိယ၊ ဘော့ဆွာနာ၊ ကွန်ဂို၊ ကင်ညာနှင့် တန်ဇန်းနီးယားနိုင်ငံတို့မှ သဘာဝပတ်ဝန်းကျင်ဆိုင်ရာဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

အာရှဒေသ၌ ဆင်ကောင် ရေ ၃၈၅၀၀ မှ ၅၂၅၀၀ အထိတို့သည် အရိုင်းသဘာဝ ကျက်စားလျက်ရှိပြီး ၁၅၀၀၀ ခန့်တို့မှာ လူတို့၏ ထိန်းသိမ်းမှုခံနေရသည်။ **အေပီ။**

ကျောက်ရောဂါ ပိုင်းရပ်စ်ပိုးများ ဖျက်ဆီးရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အချိန်သတ်မှတ်

ဂျီနီဗာ မေ ၂၅

ကမ္ဘာပေါ်၌ နောက်ဆုံးအဖြစ် သိုလှောင်မွေးမြူထားသော ကျောက်ရောဂါဗိုင်းရပ်စ်ပိုးများကို သုံးနှစ်ကျော်ကာလအတွင်း ဖျက်ဆီးရန်အတွက် တစ်ကမ္ဘာလုံးရှိ ကျန်းမာရေးဝန်ကြီးများက မေ ၂၄ ရက်တွင် သဘောတူညီခဲ့ကြောင်း သိရသည်။

နှစ်ရက်ကြာ အချေအတင်ဆွေးနွေးမှုများ ပြီးဆုံးပြီးနောက် အဖွဲ့ဝင်နိုင်ငံ ၁၉၃ နိုင်ငံ ပါဝင်သော ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိတ်ချ်အို)ညီလာခံသည် ကျောက်ရောဂါဗိုင်းရပ်စ်ပိုးများနှင့်ပတ်သက်၍ ၂၀၁၄ ခုနှစ်တွင် ပြန်လည်သုံးသပ်မှုပြုလုပ်ရန် သဘောတူညီခဲ့ကြသည်။

ကျောက်ရောဂါနှင့်ပတ်သက်၍ သုတေသနပြုလုပ်ရန် လိုအပ်နေသေးခြင်းနှင့် ကမ္ဘာပေါ်တွင် ကြောက်မက်ဖွယ်အကောင်းဆုံး ရောဂါပိုးတစ်မျိုးဖြစ်သည့် ကျောက်ရောဂါ ဗိုင်းရပ်စ်ပိုးများအား ဇီဝလက်နက်အဖြစ် အသုံးချမှုကို ကာကွယ်ရေးအတွက် ယင်းဗိုင်းရပ်စ်ပိုးများ သိုလှောင်ထားမှုသည် အထောက်အကူပြုကြောင်း အမေရိကန်နိုင်ငံက ငြင်းချက်ထုတ်ခဲ့သည်။

ကျောက်ရောဂါဗိုင်းရပ်စ်ပိုးများကို အမေရိကန်ပြည်ထောင်စုနှင့် ရုရှားနိုင်ငံတို့က အစုအပြုံလိုက်မွေးမြူထားရှိသည်။

Variola ခေါ် ဗိုင်းရပ်စ်ပိုးကို အခြေခံသည့် ကျောက်ရောဂါသုတေသနလုပ်ငန်းများ အဆုံးသတ်ခဲ့ချိန်တွင် ယင်းဗိုင်းရပ်စ်ပိုးများအား သိုလှောင်ထားရှိမှုကို အပြီးသတ်ဖျက်ဆီးသင့်ပြီဖြစ်ကြောင်း ဒဗလျူအိတ်ချ်အိုညီလာခံက ထပ်မံအတည်ပြုဆုံးဖြတ်ခဲ့သည်။

ကမ္ဘာပေါ်၌ ကျောက်ရောဂါပပျောက်ခဲ့ပြီဖြစ်ကြောင်း ဒဗလျူအိတ်ချ်အိုညီလာခံက ၁၉၈၀ ခုနှစ်တွင် ကြေညာခဲ့ပြီးဖြစ်သည်။

ဒဗလျူအိတ်ချ်အိုသည် သုတေသနစမ်းသပ်မှုများအတွက် သိုလှောင်မွေးမြူထားသော ကျောက်ရောဂါဗိုင်းရပ်စ်ပိုးများကို ဖျက်ဆီးပစ်ရန် ၁၉၈၆ ခုနှစ်ကပင် ဆွေးနွေးခဲ့သည်။ **အင်တာနက်။**

ဓာတ်သတ္တုကဏ္ဍ ရင်းနှီးမြှုပ်နှံမှုနှင့် တူးဖော်ထုတ်လုပ်မှုဆိုင်ရာကိစ္စများ ပူးပေါင်းဆောင်ရွက်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး ရင်းနှီးခင်မင်စွာ ဆွေးနွေး

နေပြည်တော် မေ ၂၅

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ Henan Economic Chamber of Commerce ဒုတိယဥက္ကဋ္ဌ Mr.Wang Laisheng နှင့်အဖွဲ့သည် မေ ၂၄ ရက် ညနေ ၄ နာရီခွဲတွင် နေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံသည်။ (အပေါ်ပုံ)

ထိုသို့ တွေ့ဆုံရာတွင် သတ္တုတွင်းဝန်ကြီးဌာန လက်အောက်ရှိ ဦးစီးဌာန၊ လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြပြီး ဓာတ်သတ္တုကဏ္ဍ ရင်းနှီးမြှုပ်နှံမှုနှင့် တူးဖော်ထုတ်လုပ်မှုဆိုင်ရာကိစ္စများ ပူးပေါင်းဆောင်ရွက်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ရင်းနှီးခင်မင်စွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ ပြန်တမ်း

နေပြည်တော် မေ ၂၅

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

အမည်၊ ရာထူး၊ ဌာန	ခန့်ထားသည့် ရာထူး၊ ဌာန
(၁) ဦးဟောက်ဒိုဆွမ်း ဒုတိယညွှန်ကြားရေးမှူးချုပ် နိုင်ငံရေးရာဦးစီးဌာန နိုင်ငံခြားရေးဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် နိုင်ငံရေးရာဦးစီးဌာန နိုင်ငံခြားရေးဝန်ကြီးဌာန
(၂) ဦးအောင်ဇော်ဝင်း အထွေထွေမန်နေဂျာ မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှု ဦးစီးဌာန ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန

နှစ်နိုင်ငံ လျှပ်စစ်စွမ်းအားကဏ္ဍ ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များ ဆွေးနွေး

နေပြည်တော် မေ ၂၅

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ကင်မ်ပေးယွန်သည် မေ ၂၄ ရက် ညနေ ၃ နာရီ ၁၀ မိနစ်တွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ လျှပ်စစ်စွမ်းအားကဏ္ဍ၌ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၆-၅-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇း၀၃ ၁။ နိုင်ငံတော်သီချင်း
- ၇း၀၅ ၂။ တရားတော်
- ၇း၃၀ ၃။ ဓမ္မပူဇာတေး
- ၇း၃၅ ၄။ မျိုးချစ်တပ်မတော်
- ၇း၄၀ ၅။ မြန်မာ့ရှုခင်း
- ၇း၄၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄း၀၅ ၁။ နိုင်ငံတော်သီချင်း
- ၄း၁၀ ၂။ အဖွင့်သီချင်း
- ၄း၁၅ ၃။ မျိုးချစ်တပ်မတော်
- ၄း၂၀ ၄။ ချစ်သူစုံတွဲတူယှဉ်နွဲ
- ၄း၃၅ ၅။ ဗွီစီဒီကျော်ကြားတေး
- ၄း၄၅ ၆။ မွေးမြူသုတ
- ၄း၅၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
- ၄း၅၅ ၈။ ကြိုတင်တားဆီးရန်သူမီး
- ၅း၁၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၃၀ ၁၀။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း (အပိုင်း-၆၈)**
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြား သတင်း
- ၆း၁၅ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆း၃၀ ၁၃။ ထူးဆန်းထွေလာ မျက်လှည့်ပညာ
- ၆း၄၅ ၁၄။ ကာတွန်းအစီအစဉ် -ကြယ်တာရာမင်းသားလေး (အပိုင်း-၂၅)
- ၇း၀၀ ၁၅။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ငွေတိုက်ပွဲ (အပိုင်း-၁၂)**
- ၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြား သတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ ဗို့တာဝန်အရေး(၃)ပါး
- ၁၉။ နိုင်ငံတကာသတင်း
- ၂၀။ မိုးလေဝသသတင်း
- ၂၁။ အနုပညာရှင်၏တစ်နေ့တာ
- ၂၂။ ကုန်သွယ်သုတ
- ၂၃။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၄။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ပေါင်မုန့်အချစ် အိပ်မက်လေးရယ် (အပိုင်း-၃)**
- ၂၅။ ဂီတရင်ခုန်သံ

ရောဂါကြီးသုံးမျိုး တိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက် ဩစတြေးလျနိုင်ငံရှိ တက္ကသိုလ်များ၌ အထူးပြုဘာသာရပ်များ သင်ကြားနိုင်ရေး ဆွေးနွေး

နေပြည်တော် မေ ၂၅

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဩစတြေးလျနိုင်ငံ သံအမတ်ကြီး မစ္စ ဘရွန်တီနာ ဒင်းမိုလက်စ်သည် ယနေ့နံနက် ၁၀ နာရီတွင်လည်းကောင်း၊ လူမှုရေးအသင်းအဖွဲ့ဖြစ်သည့် Support Fund Myanmar အဖွဲ့မှ President Ms. Yve Callebaut သည် ယနေ့နံနက် ၁၀ နာရီခွဲတွင်လည်းကောင်း နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံကြသည်။

ဩစတြေးလျနိုင်ငံ သံအမတ်ကြီးနှင့် တွေ့ဆုံစဉ် ၎င်းက ဩစတြေးလျနိုင်ငံအနေဖြင့် ရောဂါကြီးသုံးမျိုး တိုက်ဖျက်ရေးအတွက် ပူးပေါင်းဆောင်ရွက်နေမှု၊ မိခင်ကလေး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအား အရှိန်အဟုန်မြှင့်ဆောင်ရွက်နေမှုနှင့် ကုလသမဂ္ဂလက်အောက်ရှိ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍ဆွေးနွေးပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက ဩစတြေးလျနိုင်ငံရှိ တက္ကသိုလ်များ၌ အထူးပြု ဘာသာရပ်များ တက်ရောက်လေ့ကျင့်သင်ကြားနိုင်ရေးနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးသည်။

Support Fund Myanmar အဖွဲ့နှင့် တွေ့ဆုံစဉ် ဘယ်လ်ဂျီယံနိုင်ငံက ဆေးရုံသုံးပစ္စည်းများ ပံ့ပိုးပေးနေမှု၊ ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နေမှုနှင့် ဘယ်လ်ဂျီယံနိုင်ငံဆေးတက္ကသိုလ်များနှင့် မြန်မာနိုင်ငံဆေးတက္ကသိုလ်များ၌ နည်းပညာဖလှယ်ရေး ပူးပေါင်းဆောင်ရွက်ရန် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ကင်မ်ပေးယွန် လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

သစ်တော သစ်ပင် ဒို့ချစ်ခင်

ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား Support Fund Myanmar အဖွဲ့မှ President Ms. Yve Callebaut လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

အနုပညာပြပွဲ ၂၀၁၁ ပြသမည်

ရန်ကုန် မေ ၂၅

ခင်စိုးအောင် (ရန်ကုန်စီးပွားရေးတက္ကသိုလ်)၏ Creative Cross-stitch Art Exhibition-2011 ပြပွဲကို ဗိုလ်ချုပ်လမ်း ရန်ကုန်မြို့ရှိ The Grand Meeyahtar Hotel ၌ မေ ၂၇ ရက်မှ ၂၉ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြသမည်ဖြစ်သည်။ ပြပွဲတွင် Cross-Stitch (ရောင်စုံခြည်ထိုး) ပန်းချီကား ၄၀ ကျော် ပြသမည်ဖြစ်ပြီး မြန်မာနိုင်ငံတွင် ပထမဦးဆုံးသော Cross-Stitch Artwork သီးသန့်ပြသသောပြပွဲဖြစ်ရာ မည်သူမဆို ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး ကြေညာချက်

- ❖ ခရီးသည်တင်ယာဉ်၊ ကုန်တင်ယာဉ်များ မြို့တွင်း ၁ နာရီ မိုင် ၂၀ ထက်ပိုမမောင်းရ။
- ❖ ကိုယ်ပိုင်ယာဉ်များ မြို့တွင်း ၁ နာရီ မိုင် ၃၀ ထက်ပိုမမောင်းရ။
- ❖ ယာဉ်များအားလုံး မြို့ပြင် ၁ နာရီ မိုင် ၅၀ ထက်ပိုမမောင်းရ။
- ❖ ခရီးသည်တင်ယာဉ်၊ ကုန်တင်ယာဉ်များ မြို့တွင်း ၁ နာရီ ၃၂ ကီလိုထက် ပိုမမောင်းရ။
- ❖ ကိုယ်ပိုင်ယာဉ်များ မြို့တွင်း ၁ နာရီ ၄၀ ကီလိုထက် ပိုမမောင်းရ။
- ❖ ယာဉ်အားလုံး မြို့ပြင် ၈၀ ကီလိုထက် ပိုမမောင်းရ။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲဖိတ်ခေါ်

ရန်ကုန် မေ ၂၅

ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ဆောင်းပါးပြိုင်ပွဲနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲများကို ကျင်းပမည်ဖြစ်သည်။ ဆောင်းပါးပြိုင်ပွဲကို "မြတ်နိုးစရာ မေမြန်မာ ပြည်ရွာအကျိုး ဆောင်သယ်ပိုး" ဟူသော ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ရောင်စုံဓာတ်ပုံပြိုင်ပွဲကို "ယဉ်ကျေးလှပ မြန်မာအမျိုးသမီးများဘဝ" ဟူသော ခေါင်းစဉ်ဖြင့်လည်းကောင်း ကျင်းပသွားမည်ဖြစ်သည်။

ဆောင်းပါးပြိုင်ပွဲကို မည်သူမဆိုပါဝင်ယှဉ်ပြိုင်နိုင်ပြီး ပုံနှိပ်ဖော်ပြခြင်းမရှိသေးသည့် စာမူများအား စာလုံးရေသုံးထောင်မှ ငါးထောင်အထိ ရေးသား၍ ပေးပို့ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်သူများသည် ပြိုင်ပွဲဝင်စာမူနှစ်စောင်ကို ကိုယ်တိုင်ရေး စာမူဖြစ်ကြောင်း ဝန်ခံချက်ရေးသား၍ လိုင်စင်ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးမှတ်တမ်းအကျဉ်းတို့နှင့်အတူ ပေးပို့ရမည်ဖြစ်သည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် မြန်မာ အမျိုးသမီးများ၏ တာဝန်ကျေပွန်မှု၊ ဘာသာတရားကိုင်းရှိုင်းမှု၊ ယဉ်ကျေးသိမ်မွေ့မှု၊ အရည်အသွေးပြည့်ဝမှု အစရှိသော ဂုဏ်သိက္ခာအရည်အချင်းတို့ဖြင့် ဖော်ညွှန်းရိုက်ကူးထားသည့် ရောင်စုံဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်ဓာတ်ပုံအရွယ်အစားမှာ (၁၀"× ၁၄")တစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရန်နှင့် ပုံအရေအတွက် အကန့်အသတ်မရှိ ပေးပို့ယှဉ်ပြိုင်နိုင်သည်။ မည်သည့်ကင်မရာအမျိုးအစားမဆို အသုံးပြုနိုင်ပြီး မိမိကိုယ်တိုင် ရိုက်ကူးထားကြောင်း ဝန်ခံချက်ပါရှိရမည်ဖြစ်သည်။ ပြိုင်ပွဲကျင်းပသည့် ဌာနအနေဖြင့် ပြိုင်ပွဲဝင်ဓာတ်ပုံများကို အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုမှတ်တမ်းများ၌ အသုံးပြုခြင်းကို သဘောတူခွင့်ပြုရမည်။ ထို့အပြင် ပြိုင်ပွဲဝင်ဓာတ်ပုံများသည် ပြည်တွင်းပြည်ပဓာတ်ပုံပြိုင်ပွဲများ၌ ဆုရရှိခဲ့ဖူးခြင်း မရှိကြောင်း ဝန်ခံချက်နှင့်အတူ ပြိုင်ပွဲဝင်သူ၏ ပတ်စပို့အရွယ်ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးအကျဉ်းချုပ်တို့ကို ပူးတွဲပေးပို့ကြရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဆောင်းပါးများကို ဇွန် ၁၅ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ လည်းကောင်း၊ ပြိုင်ပွဲဝင်ဓာတ်ပုံများကို ဇွန် ၁၇ ရက် ညနေ ၄ နာရီနောက်ဆုံးထား၍ လည်းကောင်း ပြိုင်ပွဲကျင်းပရေးကော်မတီ အတွင်းရေးမှူး ဦးအေးကြွယ်၊ ညွှန်ကြားရေးမှူး (ထုတ်လုပ်) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ် (၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့သို့ ဆက်သွယ်ပေးပို့ရမည်ဖြစ်ကြောင်းသိရသည်။ (သတင်းစဉ်)

ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်မွန်ကွန်ဒို(အေ)နှစ်ဖက်သော မိဘများအား ရည်စူး၍ ဦးငွေလင်း-ဒေါ်မိုးမိုးဦး မိသားစုက ဘိုးဘွားများ အဆောင်ခေါင်မိုးပြုပြင်ရန်နှင့် ဘိုးဘွားများအတွက် တစ်နေ့လုံးစာ အထူးအာဟာရကျွေးမွေးရန် ငွေကျပ် ၁၁၅၀၀၀၀ ကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ရန်ကုန်မြို့ တာမွေမြို့နယ် မလွှကုန်း ဒေးကြွယ်(က) ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးကျော်မင်းဦးနှင့် အဖွဲ့ဝင်များ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ကျောင်းအုပ်ကြီးများနှင့်အတူ မြို့နယ်ကျန်းမာရေးဌာန ဝန်ထမ်းများ စုပေါင်း၍ ရပ်ကွက်အတွင်းရှိ အမက(၉) တာမွေတွင် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများကို မေ ၂၁ ရက်က ဆောင်ရွက်စဉ်။ (ကြေးမုံ)

မူးယစ်ဆန့်ကျင် အောင်ပွဲဝင်

ဆေးပညာသတင်းဆန်းများ (၁၄)

ဒေါက်တာကံညွန့်

အမှန်တော့ ဆံပင်ဖြူတယ်ဆိုတာ အိုမင်းရင့်ရော်ခြင်းရဲ့သင်္ကေတတစ်ခုလို့သာ အများကမှတ်ယူထားကြတာပါ။ ဒါပေမယ့် Melanoma ဆိုတဲ့ အရေပြားကင်ဆာရောဂါကို ကုသမှုခံယူနေရတဲ့ ရောဂါရှင်တွေအတွက်တော့ ဆံပင်ဖြူလာခြင်းဟာ ကုသမှုထိရောက်ခြင်းရဲ့ အသိသာဆုံး လက္ခဏာပဲလို့ ပြောလိုက်ကြပါတယ်။ ဒီတွေ့ရှိချက်ကတော့ အမေရိကန်နိုင်ငံ Chicago မြို့က ကင်ဆာသုတေသီတွေရဲ့ တွေ့ရှိချက်ဖြစ်ပါတယ်။ သူတို့ဟာ Melanoma ရောဂါရှင်တွေကို Bristol ကုမ္ပဏီကထုတ်တဲ့ Ipilimumab ဆိုတဲ့ ဆေးနှင့် Pfizer ကုမ္ပဏီကထုတ်တဲ့ Tremelimumab ဆိုတဲ့ ဆေးနှစ်မျိုးနှင့် စမ်းသပ်ကုသရာမှာ အောင်မြင်စွာတွေ့ရှိရတာလို့ ဆိုပါတယ်။

Melanoma ရောဂါဟာ အမေရိကန်မှာ အသက် ၂၅ နှစ်က ၂၉ နှစ်အရွယ်တွေ အဖြစ်များတဲ့ အရေပြားကင်ဆာရောဂါပါ။ ဒီရောဂါဟာ အကာအကွယ်မဲ့ အကြာကြီးနေရောင်ခံမှုကြောင့်လည်း ဖြစ်နိုင်ပြီး အမျိုးသမီးအများစုဟာ အရေပြားအရောင်လှအောင် နေရောင်ခံခြင်းသို့မဟုတ် နေရောင်ခံသလို Indoor Tanning Saloon တွေမှာ ပြုလုပ်ကြခြင်းကြောင့် ဖြစ်ရတယ်ဆိုပါတယ်။

အဲဒီလိုလုပ်ခြင်းကို အမေရိကန်နိုင်ငံမှာ စပေါ်လာခဲ့တဲ့ ၁၉၉၂ ခုနှစ်ကစပြီး ဒီရောဂါဖြစ်နှုန်းဟာ ၂ ရာခိုင်နှုန်းခန့် တိုးလာခဲ့တယ်လို့ ဆိုပါတယ်။ ဒီကင်ဆာရောဂါဟာ အရေပြားကင်ဆာအားလုံးရဲ့ ၃ ရာခိုင်နှုန်းခန့်နှင့် လူငယ်တွေ အထူးသဖြင့် အမျိုးသမီးတွေမှာ အဖြစ်များဆုံး ကင်ဆာရောဂါဖြစ်ပြီး အမေရိကန်တစ်နိုင်ငံတည်းမှာကို တစ်နှစ်လျှင် လူ ၈၀၀၀ နီးပါး သေဆုံးရတဲ့ရောဂါလို့ သိရပါတယ်။

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ မျက်စိရောဂါစမ်းသပ်စစ်ဆေးခြင်းဟာ ဦးနှောက်နှင့် အာရုံကြောရောဂါတွေကိုလည်း တစေ့တစောင်းသိနိုင်တယ်ဆိုတဲ့ သတင်းပါပဲ။ သွေးတိုးတို့၊ ဆီးချိုရောဂါတို့တွေကြောင့် မျက်စိအတွင်းသွေးကြောမှာ ပြောင်းလဲနေတာတွေဟာ ဦးနှောက်မှာ ပြောင်းလဲတာနဲ့တူပါတယ်။ တချို့ဦးနှောက်မှာပေါ်နေတဲ့ အလုံးအကျိတ်တွေကိုလည်း မျက်စိရဲ့ အာရုံကြောထိပ်ပိုင်းကိုကြည့်ပြီး သိနိုင်ပါတယ်။ ဒါကြောင့် မျက်စိဟာ ဦးနှောက်ရဲ့ ပြတင်းပေါက်လို့ တင်စားခေါ်ခဲ့ကြတာပါ။

အခုလည်း မျက်စိစမ်းသပ်မှုမှာ တစ်ခုအပါအဝင်ဖြစ်တဲ့ Optical Coherence Tomography အတိုကောက် (OCT) လို့ခေါ်တဲ့ မျက်စိရဲ့အာရုံကြောလွှာ (Retina) ကို Computer ဓာတ်ပုံရိုက်ပြီး စစ်ဆေးခြင်းဖြင့် Mutiple Sclerosis လို့ခေါ်တဲ့ ဦးနှောက်နှင့် အကြောရောင်ရောဂါတစ်မျိုးကို စောစီးစွာသိနိုင်တယ်လို့ ဆိုပါတယ်။ ဒီတွေ့ရှိချက်ကို အမေရိကန်နိုင်ငံ Dallas NrdKU South Western Medical Centre က ဆေးပညာရှင်တွေ တွေ့ရှိခဲ့တာဖြစ်ပြီး မျက်စိအာရုံကြောအလွှာဟာ ဒီရောဂါခံစားရသူတွေမှာ သိသိသာသာ ပါးလွှာသွားတယ်လို့ ဆိုပါတယ်။ ဒီစမ်းသပ်နည်းကို အဲဒီရောဂါခံစားရသူတွေကို Diagnosis ပြုလုပ်ရာတွင်မကဘဲ ကုသမှုထိရောက်ခြင်း ရှိ မရှိကိုလည်း စမ်းသပ်ရာမှာပါ အသုံးပြုနိုင်တယ်ဟု သိရကြောင်းပါခင်ဗျား။

ကလေးသူငယ်တွေ အဝလွန်မှုဟာ အမေရိကန်နိုင်ငံမှာ ယခုဆယ်စုနှစ်အတွင်း အထူးများပြားလာပြီး အမေရိကန်တစ်နိုင်ငံလုံးရှိ ၁၀ နှစ်အောက်ကလေး သုံးယောက်မှာ တစ်ယောက် အဝလွန်နေတယ်လို့ သိရပါတယ်။ ဒါကြောင့် အမေရိကန်သမ္မတ အိုဘားမားရဲ့ကတော်ကိုယ်တိုင်ပါဝင်တဲ့ Campaign တစ်ခုဖွဲ့ပြီး နှစ်တစ်နှစ်ရဲ့တစ်လစက်တင်ဘာလကို အဝလွန်မှုတိုက်ဖျက်ရေးလအဖြစ် သတ်မှတ် ဆောင်ရွက်နေကြပြီလို့ သိရပါတယ်။ ကလေးတွေကို တယ်လီဗီးရှင်း တစ်နေ့မှာ ၁ နာရီထက် ပိုမကြည့်ဘဲ ကိုယ်လက်လှုပ်ရှားဖို့၊ အချိုရည်သောက်တာကို လျှော့ချဖို့ စတဲ့ အချက်အလက်တွေ မိဘတွေကို တိုက်တွန်းနှိုးဆော်ဖို့ ပါဝင်ပါတယ်။

အချိုရည်မှာ အဓိကပါဝင်တဲ့ Fructose ခေါ်တဲ့ သကြားဓာတ်တချို့ဟာ ကိုယ်ခန္ဓာထဲမှာ သွေးထဲက Fat Cell တွေကို လျင်မြန်စွာပွားများစေတာကြောင့် အချိုရည်သောက်များတဲ့ ကလေးတွေမှာ ပိုဝလာရတာလို့ American Dietetic Association က ထောက်ပြထားပါတယ်။

နောက်သတင်းတစ်ပုဒ်ကလည်း အဝလွန်ရောဂါနှင့်ပဲ ပတ်သက်နေပါတယ်။ အမျိုးသမီးတွေ ဝမလာအောင် အသုံးပြုနေကြတဲ့ ဆေးနှစ်မျိုးဖြစ်တဲ့ Roch ကုမ္ပဏီကထုတ်တဲ့ Xenical ဆိုတဲ့ဆေးနှင့် Glaxo ကုမ္ပဏီကထုတ်တဲ့ Orlistat ခေါ်တဲ့ Alli ဆေးနှစ်မျိုးဟာ တာရှည်စားသုံးသူတွေမှာ အသည်းထိခိုက်ရောဂါရစေတယ်ဆိုတဲ့ သတင်းပါပဲ။ ဒါကို အမေရိကန် Food and Drug Association (FDA) အဖွဲ့ကြီးက ၁၉၉၉ ခုနှစ် ဧပြီလကနေ ၂၀၀၉ ခုနှစ် ဩဂုတ်လအထိ ဒီဆေးစားသုံးသူတွေကို လေ့လာပြီး ကြေညာလိုက်တာ ဖြစ်ပါတယ်။ ကမ္ဘာတစ်လွှား ဒီဆေးနှစ်မျိုးသုံးစွဲနေကြတဲ့ လူဦးရေပေါင်း သန်း ၄၀ ကျော်ရှိတယ်လို့ ခန့်မှန်းထားပါတယ်။

နောက်သတင်းတစ်ပုဒ်ကတော့ သွားအတွက် ဓာတ်မှန်ရိုက်ခြင်းနဲ့ပတ်သက်တဲ့ ဗြိတိန်ကဆေးပညာရှင်တွေထံမှာ ထွက်ပေါ်ခဲ့တဲ့သတင်းတစ်ပုဒ်ပါ။ ဒါကတော့ သွားရောဂါအတွက် ရိုက်ရတဲ့ ဓာတ်မှန်ကို ခဏခဏပြုလုပ်ပါက လည်ပင်းအပေါ်ပိုင်းနားမှာရှိတဲ့ Thyroid Gland ကင်ဆာဖြစ်တယ်ဆိုတဲ့ သတင်းပါပဲ။ Thyroid Gland ဟာ တခြား Gland တွေထက် Radiation ဒဏ်ကို ပိုပြီးခံစားလွယ်တာကြောင့် ဖြစ်ပြီးကလေးတွေမှာ ပိုဖြစ်တယ်လို့ ဆိုပါတယ်။ ဒီတွေ့ရှိချက်ကို ဗြိတိန်နိုင်ငံ Brighton and Sussex Medical School မှ ဆရာဝန်များက တင်ပြခဲ့တာဖြစ်ပြီး လွန်ခဲ့တဲ့ နှစ် ၃၀ လောက်ကပဲ ဒါကိုဆေးပညာမှတ်တမ်းများ ရှိခဲ့တယ်လို့ ဆိုပါတယ်။ ဒါ့အပြင် တချို့က တံတွေးအိတ်ကင်ဆာ (Salivary Gland Cancer) နှင့် ဦးနှောက်ကင်ဆာရောဂါတွေကိုပါ ဖြစ်စေနိုင်တယ်လို့ တင်ပြထားပါတယ်။ ဒါကြောင့် ဗြိတိန်နိုင်ငံက သွားဆရာဝန်များနှင့် သွားလက်ထောက်ဓာတ်မှန် ပညာရှင်များကို အမှန်တကယ်လိုအပ်မှသာ သွားဓာတ်မှန်ရိုက်ခြင်းကို ဆောင်ရွက်ကြဖို့ Daily Telegraph သတင်းစာကတစ်ဆင့် နှိုးဆော်ထားကြောင်း တင်ပြထားပါတယ်။

ဓာတ်မှန်နှင့်ဆိုင်တဲ့ အမေရိကန်နိုင်ငံကလာတဲ့ သတင်းတစ်ပုဒ်မှာလည်း ကလေးသူငယ်တွေကို ဓာတ်မှန်ရိုက်ဖို့လိုရင် Less is Best ဆိုတဲ့ဆောင်ပုဒ်ကို သတိရဖို့ နှိုးဆော်ထားပါတယ်။ ALARA ဆိုတဲ့ အတိုကောက်စကားလုံးကိုလည်း အသုံးပြုဖို့ တိုက်တွန်းထားပါတယ်။ အဲဒါရဲ့အရှည်ကတော့ As Low As Reasolably Achievable ဖြစ်နိုင်ရင် နည်းနိုင်သလောက် နည်းနည်းဆိုတဲ့သဘောပါပဲ။ ကလေးသူငယ်တွေဟာ လူကြီးတွေထက် Radiation စွမ်းအားကို ပိုပြီး (Sensative) စုပ်ယူနိုင်တာကြောင့် သတိထားဖို့ နှိုးဆော်ထားတာဖြစ်ပါတယ်။

နောက်သတင်းတစ်ပုဒ်ကတော့ စပိန်နိုင်ငံ ဘာစီလိုနာမြို့က ဆေးပညာရှင်တစ်စုရဲ့ လေ့လာထားချက်ဖြစ်ပါတယ်။ ဒါကတော့ အမျိုးသားနှင့် အမျိုးသမီးတွေမှာ အမျိုးသမီးတွေဟာ သက်တမ်း ပိုရှည်စွာနေကြရပေမယ့် သူတို့က မသန်မစွမ်းဖြစ်ဖို့ ပိုအခွင့်အလမ်းရှိတယ်လို့ ၁၉၈၂ ခုနှစ်ကစပြီး လူပေါင်း ၄၂၄၄ ဦးကို လေ့လာထားတဲ့ စာတမ်းတစ်စောင်မှာ တင်ပြထားပါတယ်။ ကျားရော မရော အသက် ၆၄ နှစ်ကျော်လာတဲ့အခါ အမျိုးသားတွေမှာ မသန်မစွမ်းဖြစ်ဖို့ ၃၀ ရာခိုင်နှုန်းသာရှိပေမယ့် အမျိုးသမီးတွေမှာတော့ မသန်မစွမ်းဖြစ်ဖို့ ၅၃ ရာခိုင်နှုန်းရှိတယ်လို့ တင်ပြထားပါတယ်။ ဒါဟာ အမျိုးသမီးတွေမှာရှိတဲ့ Oestrogen ဟိုမုန်းဓာတ်ကြောင့်ဖြစ်နိုင်ပြီး အမျိုးသမီးတွေဟာ သွေးဆုံးသွားတဲ့အခါ ယင်းဟိုမုန်းဓာတ်လျော့သွားပြီး Osteoporosis ဆိုတဲ့ အရိုးဆက်ရောဂါရတတ်ကြလို့ပဲလို့ ယူဆရကြောင်း တင်ပြထားကြပါတယ်။

ဝမ်းသာစရာ ဆေးပညာသတင်းတစ်ပုဒ်ကိုလည်း အသိပေးချင်ပါတယ်။ အဲဒါကတော့ Stem Cell နှင့်ပတ်သက်တဲ့ သုတေသနလုပ်ငန်းအမျိုးမျိုးကို ဆောင်ရွက်ဖို့ ပထမဆုံး Stem Cell Research Centre ကို အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် Los Angeles အနီးက University of Califonia in Irvine (UCI) မှာ စတင်ဖွင့်လှစ်လိုက်ပြီဆိုတဲ့ သတင်းပါပဲ။ ဒါဟာ Stem Cell နှင့် ပတ်သက်ပြီး အကြီးကျယ်ဆုံး သုတေသနပြုလုပ်ရာဌာနဖြစ်ပြီး Stem Cell နှင့် ပတ်သက်ပြီး ဆေးကုစမ်းသပ်ခြင်း၊ နည်းလမ်းရှာဖွေခြင်း၊ သင်တန်းပို့ချခြင်းစတဲ့ လုပ်ငန်းအမျိုးမျိုးကို ဆောင်ရွက်မှာဖြစ်ပြီး ဒီဌာနကြီးကို California Institute for Regenerative Medicine (CIRM) ဌာနက စီမံခန့်ခွဲပြီး ဒေါ်လာ ၃ ဘီလီယံသုံးစွဲသွားမှာလို့ သိရပါတယ်။ ဒီဌာနကြီးပေါ်လာတာနဲ့ မရှေးမနှောင်းပါပဲ အမေရိကန်အစိုးရက ခွင့်မပြုသေးခဲ့တဲ့ သန္ဓေသားအိမ်ထဲက Stem Cell ကိုယူပြီး ဆေးကုသခြင်းကိုလည်း ခွင့်ပြုလိုက်ပြီဖြစ်ပါတယ်။ ဒါကြောင့် ထိခိုက်ဒဏ်ရာကြောင့် ကျောရိုး (Spinal Cord) ချို့ယွင်းသွားသူ၊ (Alzeimer) ခေါ် ဦးနှောက်ချို့ယွင်း အမေ့လွန်ရောဂါဖြစ်ရသူတွေနှင့် ဆီးချိုဝေဒနာရှင်၊ တခြားမျက်စိ၊ အသည်း၊ အဆုတ်၊ နှလုံးတို့လို ကိုယ်အင်္ဂါအစားထိုးကုသရမယ့် ဝေဒနာရှင်ပေါင်း မြောက်မြားစွာအတွက် အထူးအကျိုးရှိတော့မှာ ဖြစ်ကြောင်း သတင်းကောင်းတစ်ခုအဖြစ် တင်ပြလိုက်ပါတယ်။

နောက်သတင်းတစ်ခုကလည်း Stem Cell နှင့် ပတ်သက်တဲ့ ဝမ်းသာစရာသတင်းပါပဲ။ ဒီသတင်းကတော့ ကျွန်တော်တို့နိုင်ငံနှင့် အိမ်နီးချင်း အာဆီယံနိုင်ငံတစ်နိုင်ငံဖြစ်တဲ့ စင်ကာပူနိုင်ငံကလာတဲ့ သတင်းပါ။ ဒီသတင်းကတော့ လူတွေမှာတွေ့ရတဲ့ Gene အမျိုးပေါင်း ၂၁၀၀၀၀ ကျော်ထဲက လူသားသန္ဓေတည်စမှာ ဖြစ်ပေါ်တဲ့ Gene ထဲက ခန္ဓာကိုယ်အစိတ်အပိုင်းတွေကို ထပ်ဆင့်မျိုးပွား ဖြစ်စေနိုင်စွမ်း (Pluripotency) ရှိတဲ့ Gene ဖြစ်တဲ့ Gene အမှတ် PRDM 14 ဆိုတာကို တွေ့ရှိပြီဆိုတဲ့သတင်းပါပဲ။ ဒါဟာ Human Embryonic Stem Cell (HESCs) ရဲ့ အလွန်အရေးကြီးတဲ့ တွေ့ရှိချက်ဖြစ်ပြီး ဒီတွေ့ရှိချက်ကြောင့် ရောဂါပေါင်းမြောက်မြားစွာကို ကာကွယ်ရာမှာရော ကုသရာမှာပါ လမ်းပွင့်သွားမှာဖြစ်ပါတယ်။ စင်ကာပူနိုင်ငံဟာလည်း အနောက်နိုင်ငံကြီးတွေနှင့် အမီလိုက်ပြီး ခေတ်မီဆေးပညာတွေကို သုတေသနပြုလေ့လာနိုင်တဲ့ အာရှနိုင်ငံတစ်ခုပါ။ Singapore Agency of Science, Technology and Research (ASTAR) ဆိုတဲ့ အဖွဲ့ကြီးအောက်မှာ Genome Institute of Singapore နှင့် Institute of Molecular and Cell Biology (IMCB) ဆိုပြီး ဌာနကြီးနှစ်ခု ဖွင့်ပြီး ဆေးသိပ္ပံရှင်တွေနှင့် လေ့လာနေခဲ့ကြတာပါ။ဒါကြောင့်Stem Cell နှင့် ပတ်သက်လာရင်အားတက်စရာဖြစ်လာပါပြီဆိုတာ တင်ပြရင်း ဒီအပတ် ဆေးပညာသတင်းဆန်းများတင်ပြခြင်းကို နိဂုံးချုပ်လိုက်ရပါတယ်။ ။

နှစ်နိုင်ငံ အားကစားဖွံ့ဖြိုးတိုးတက်ရေး၊ အပြန်အလှန်စေလွှတ်ယှဉ်ပြိုင်ရေး ဆွေးနွေး

နေပြည်တော် မေ ၂၅

မြန်မာနိုင်ငံအမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာကင်မ်ပေးယွန်သည် ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ အားကစားဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံအားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက် ချစ်ကြည်ရေးအားကစားအဖွဲ့များ အပြန်အလှန်စေလွှတ် ယှဉ်ပြိုင်ရေး၊ နည်းစနစ်များ ဖလှယ်ရေး၊ အားကစားအဖွဲ့အချင်းချင်း ပူးတွဲလေ့ကျင့်ရေးများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင် ၂၀၁၁ ခုနှစ်အတွက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ချီးမြှင့်သည့် ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ရရှိသူ ဝန်ထမ်းတစ်ဦးအား တစ်လုံးတစ်ခဲတည်း ဆုငွေများကို ပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

ဂျိနီဗာမြို့ ကုလသမဂ္ဂဆိုင်ရာမြန်မာအမြဲတမ်းကိုယ်စားလှယ်အဖြစ် ညွှန်ကြားရေးမှူးချုပ် ဦးမောင်ဝေအား ခန့်အပ်

နေပြည်တော် မေ ၂၆

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် - နိုင်ငံတော်သမ္မတသည် နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်ဝေအား ဂျိနီဗာမြို့ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်း ကိုယ်စားလှယ်အဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။

(သတင်းစဉ်)

လက်တွေ့အသုံးချ လက်လီအရောင်းသင်တန်း ဖွင့်မည်

ရန်ကုန် မေ ၂၅

လက်လီရောင်းချမှု၊ လုပ်ငန်းခွင်တစ်ခုလုံး၏ အခြေခံစီမံခန့်ခွဲမှု နည်းစနစ်၊ ဈေးနှုန်းသဘောတရားများနှင့် တွက်ချက်မှုပုံစံ၊ ကုန်ပစ္စည်းဝယ်ယူမှုနှင့် စနစ်တကျ ထိန်းသိမ်းမှုပုံစံ၊ လက်လီဆိုင်ဖွင့်လှစ်ရန် နေရာရွေးချယ်မှု အခင်းအကျင်း၊ လက်လီဆိုင် အရောင်းမြှင့်တင်မှုနှင့် ဈေးကွက်ထိုးဖောက်မှုဆိုင်ရာ နည်းစနစ် စသည့် လက်လီလုပ်ငန်း ကျွမ်းကျင်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် နည်းလမ်းများကို WISE International School for Executives (ABE Accredited College) မှ မေ ၃၀ ရက်မှ ဇွန် ၁၀ ရက်အထိ နေ့စဉ် ညနေ ၅ နာရီခွဲမှ ည ၇ နာရီခွဲထိ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ တက်ရောက်လိုသူများသည် အသေးစိတ် အချက်အလက်များကို သင်တန်းတည်နေရာ အခန်းအမှတ် (၁၀၀၉) (၁၀)ထပ် ယုဇနတာဝါ ကမ္ဘာအေးစေတီလမ်းနှင့် ရွှေဂုံတိုင်လမ်းဆုံ ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၅၆၁၈၃နှင့် ၀၉-၅၁၅၇၀၃၂ တို့သို့ ဆက်သွယ်စုံစမ်းကာ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

သာသနာရေးဝန်ကြီးဌာန ၂၀၁၁ ခုနှစ် ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်နှင့် ဝန်ထမ်းသားသမီးများ ပညာသင်စရိတ် ချီးမြှင့်ငွေပေးအပ်

နေပြည်တော် မေ ၂၅

သာသနာရေးဝန်ကြီးဌာန၏ ၂၀၁၁ခုနှစ် ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်အတွက် တစ်လုံးတစ်ခဲတည်း ချီးမြှင့်ငွေနှင့် (၁၅)ကြိမ်မြောက် ဝန်ထမ်းထောက်ပံ့ကြေးနှင့် ဝန်ထမ်းသားသမီးများအား ပညာသင်စရိတ်ချီးမြှင့်ငွေ ပေးအပ်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်က အမှာစကားပြောကြားပြီး အလှူရှင်များကိုယ်စား တာဝန်ရှိသူများက ပြည်ထောင်စုဝန်ကြီးထံ ဝန်ထမ်းသားသမီးများအတွက် ပညာသင်စရိတ်ချီးမြှင့် လှူဒါန်းငွေနှင့် ဗလာစာအုပ်များကို ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ၂၀၁၁ခုနှစ်အတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ချီးမြှင့်သည့် ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ရရှိသူ ဝန်ထမ်းငါးဦးတို့အား တစ်လုံးတစ်ခဲတည်း ဆုငွေများကို ပေးအပ်ချီးမြှင့်ပြီး ဒုတိယဝန်ကြီး ဒေါက်တာ မောင်မောင်ငွေးက ဌာနအလိုက် ဝန်ထမ်းထောက်ပံ့ကြေးများကို တာဝန်ရှိသူများထံ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် တာဝန်ရှိသူများက ဝန်ထမ်းသားသမီးများအတွက် ပညာသင်ထောက်ပံ့စရိတ်များနှင့် ဂုဏ်ထူးရ ဝန်ထမ်းသားသမီးများနှင့် သင်တန်းထူးချွန်ဆုရ ဝန်ထမ်းများအတွက် ဆုများကို ပေးအပ်ချီးမြှင့်ပြီး ဝန်ထမ်းတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးလှမောင်တင် မြေပုံမြို့နယ် လွန်းလုံးပိုက်ကျေးရွာ၌ တောင်သူလယ်သမားများအား မျိုးစပါးပေးအပ်စဉ်။

(သတင်းစဉ်)

နိုင်ငံတကာရုပ်ရှင်အနုပညာရပ်ဝန်း — အေဝမ်းစိုး

တရုတ်မင်းသား ဂျက်လီ၏ ဘဝပုံရိပ်လွှာ

တရုတ်သိုင်းမင်းသား ဂျက်လီ၏ အမည်ရင်းမှာ လီလျန်ဂျီ ဖြစ်သော်လည်း ဂျက်လီဟုသာ လူသိများ ထင်ရှားခဲ့သည်။ ဂျက်လီကို ၁၉၆၃ ခုနှစ် ဧပြီ ၂၆ ရက်တွင် တရုတ်နိုင်ငံ ပေကျင်းမြို့၌ မွေးဖွားခဲ့သည်။ ညီအစ်ကိုမောင်နှမ လေးယောက်အနက် အငယ်ဆုံးသားဖြစ်ပြီး ဂျက်လီ၏ ဖခင်မှာ ဂျက်လီနှစ်နှစ်သား အရွယ်ကတည်းက ကွယ်လွန်သွားခဲ့သည်။

ဂျက်လီ၏ငယ်ဘဝ

ဖခင်ဖြစ်သူ ကွယ်လွန်သွားပြီးနောက် ဂျက်လီတို့ မိသားစု၏ စားဝတ်နေရေးအတွက် ခက်ခက်ခဲခဲရုန်းကန် လှုပ်ရှားခဲ့ကြရသည်။ ဂျက်လီသည် ရှစ်နှစ်သားအရွယ်ကတည်းက ဝူရှူးသိုင်းပညာတွင် ပါရမီထူးချွန်ခဲ့သူ ဖြစ်သည်။ သူ၏ ဝူရှူးသိုင်းပညာကို ပေကျင်းဝူရှူးအသင်းတွင် လေ့လာသင်ကြားခဲ့ပြီး နည်းပြဆရာများမှာ လီဂျန်ဖန်နှင့် ဝူပင်တို့ ဖြစ်ကြသည်။ ဝူရှူးသိုင်းပညာကို လေ့ကျင့်သင်ကြားနေသော ဂျက်လီ အနေဖြင့် ခန္ဓာကိုယ်ကျန်းမာကြံ့ခိုင်ရန် အစာအာဟာရ ကောင်းကောင်းမွန်မွန် စားသုံးရန်လိုအပ်သော်လည်း ဝယ်ယူစားသုံးရန် အခက်အခဲရှိသည့် ဂျက်လီတို့မိသားစုကို နည်းပြဆရာဝူပင်က ထောက်ပံ့ပေးခဲ့ရသည်ဟု ဆိုသည်။ သို့သော်လည်း ဂျက်လီသည် ဝူရှူးသိုင်းပညာကို ပြင်းပြင်းထန်ထန် လေ့ကျင့်သင်ကြားခဲ့ပြီး တရုတ်ဝူရှူးချန်ပီယံရှစ်တွင် အသက်ငယ်ငယ်ရွယ်ရွယ်

နှင့် ရွှေတံဆိပ် ၁၅ ခုနှင့် ငွေတံဆိပ်တစ်ခု ဆွတ်ခူးရယူနိုင်ခဲ့သည်။ တစ်ခါသော် ဂျက်လီသည် တရုတ်အမျိုးသား ဝူရှူးအဖွဲ့နှင့်အတူ အမေရိကန်ပြည်ထောင်စု၌ အမေရိကန် သမ္မတရစ်ချက်နစ်ဆင်ကို ဝူရှူးသိုင်းပညာနှင့် ဖျော်ဖြေတင်ဆက်ပြီးနောက် သမ္မတနစ်ဆင်က ဂျက်လီကို သူ၏ ကိုယ်ရံတော်သက်တော်စောင့်အဖြစ် လုပ်ကိုင်ပေးရန် ကမ်းလှမ်းခဲ့သည်။ သို့သော်လည်း ဂျက်လီက ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်တည်းကို ကာကွယ်ပေးရသည့် အလုပ်ကို မလုပ်ချင်ပါ။ ကျွန်တော်ကြီးပြင်းလာသည့်အခါ သန်းပေါင်းများစွာသော တရုတ်လူမျိုးများကိုသာ ကာကွယ်ပေးချင်ပါသည်ဟုဆိုကာ ငြင်းပယ်ခဲ့သည်။

ဂျက်လီဖြစ်လာခြင်းနှင့် ရုပ်ရှင်ကားများ

ဂျက်လီသည် ၁၉၈၂ ခုနှစ်က Shaolin Temple ဇာတ်ကားဖြင့် ရုပ်ရှင်လောကသို့ ရောက်ရှိလာသူဖြစ်ပြီး ယင်းနှစ်၌ပင် သူသည် ဖိလစ်ပိုင်နိုင်ငံသို့ ရောက်ရှိလာစဉ် ပုဂ္ဂလိက ရုပ်ရှင်ကုမ္ပဏီတစ်ခုက လီလျန်ဂျီဆိုသော သူ၏ အမည်ရင်းမှာ အသံထွက်ရခက်သည်။ ထို့ပြင် သူ၏ဘဝသည်လည်း မြေပြင်မှ ဂျက်လေယာဉ်တစ်စင်း ကောင်းကင်သို့ ထိုးတက်သွားသကဲ့သို့ အချိန်တိုတိုအတွင်း အောင်မြင်မှုများ ရရှိခဲ့သူဖြစ်သည့်အတွက် လီလျန်ဂျီဟူသော နေရာ၌ လျန်ဂျီကိုဖြုတ်ကာ Jet Li ဟု ရုပ်ရှင်ပိုစတာတွင် ရေးထိုးလိုက်သည်။ ထိုအချိန်မှစ၍ လီလျန်ဂျီအမည်ပျောက်ကာ ဂျက်လီအမည် ပေါက်သွားခဲ့ရတော့သည်။

ဂျက်လီသည် Shaolin Temple ဇာတ်လမ်းတွဲအပြင် The Once Upon a Time in China ဇာတ်လမ်းတွဲ၊ Fist of Legend ဇာတ်ကား၊ The Fong Sai Yuk ဇာတ်ကားများကိုလည်း ရိုက်ကူးခဲ့သည်။ ဂျက်လီသည် တရုတ်ရုပ်ရှင်လောက၊ ဟောင်ကောင်ရုပ်ရှင်လောကတွင်သာမက ဟောလိဝုဒ်ရုပ်ရှင်လောကတွင်ပါ အောင်မြင်မှုရရှိခဲ့သော မင်းသားတစ်ဦးဖြစ်သည်။ ဟောင်ကောင်အက်ရှင်မင်းသား ဂျက်ကီချန်းနှင့် The Forbidden Kingdom ဇာတ်ကားကိုလည်း တွဲဖက်ရိုက်ကူးခဲ့သည်။ ၂၀၀၇ ခုနှစ်က ဟောင်ကောင်ရုပ်ရှင် ဆုပေးပွဲတွင် The Warlords ဇာတ်ကားဖြင့် အကောင်းဆုံးအမျိုးသား သရုပ်ဆောင်ဆုကိုလည်း ရရှိခဲ့သည်။ ဂျက်လီ၏ အခြားသောထင်ရှားသည့် ဇာတ်ကားများမှာ Lethal Weapon 4၊ Romeo Must Die၊ Kiss of the Dragon၊ The One၊ Unleashed၊ Fearless စသည့် ဇာတ်ကားပေါင်းများစွာ ရှိသေးသည်။

အိမ်ထောင်ရေး

ဂျက်လီသည် ၁၉၈၇ ခုနှစ်တွင် ပေကျင်းဝူရှူးအဖွဲ့ဝင် Shaolin Temple ဇာတ်ကားတွင် တွဲဖက်သရုပ်ဆောင်ခဲ့သည့် ဟန်ကွမ်ရင်နှင့်လက်ထက်ခဲ့ပြီး သမီးနှစ်ဦးထွန်းကားခဲ့သည်။ ၎င်းတို့သည် ၁၉၉၀ ခုနှစ်တွင် ကွာရှင်းပြတ်စဲခဲ့ကြပြီး ဂျက်လီသည် ၁၉၉၉ ခုနှစ်တွင် ရှန်ဟိုင်းဇာတိဖွား ဟောင်ကောင်မင်းသမီး နီနာလီချီနှင့် ထပ်မံလက်ထပ်ခဲ့ပြီး သမီးနှစ်ဦး ထပ်မံထွန်းကားခဲ့သည်။

စင်ကာပူနိုင်ငံသားဂျက်လီ

ဂျက်လီသည် ၂၀၀၉ ခုနှစ် ဇူလိုင် ၂၈ ရက်တွင် စင်ကာပူနိုင်ငံသားအဖြစ် ခံယူခဲ့သည်။

အင်တာနက်။

စိုက်ပျိုးစရိတ်နှင့် မျိုးစပါးအချိန်မီဖြန့်ဖြူးမည် ပျက်စီးခဲ့သည့် တာတမံနှင့် ရေတားကာရီများ အမြန်ပြုပြင်

နေပြည်တော် မေ ၂၅

ဂီရိမုန်တိုင်းဒဏ်သင့်ဒေသများဖြစ်သည့် ပေါက်တောမြို့နယ်၊ မြေပုံမြို့နယ်၊ ကျောက်ဖြူမြို့နယ်၊ ရမ်းဗြဲမြို့နယ်နှင့် အမ်းမြို့နယ်တို့၌ ပျက်စီးခဲ့သော လယ်မြေများကိုပြုပြင်ပြီး စိုက်ပျိုးစရိတ်ငွေနှင့် မျိုးစပါးအလုံအလောက် အချိန်မီဖြန့်ဖြူးသွားမည်ဖြစ်ကြောင်း၊ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် တာတမံနှင့် ရေတားကာရီများ အမြန်ဆုံးပြုပြင်နိုင်ရေး၊ လုပ်ငန်းများ အချိန်မီပြီးစီးရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်သွားစေလိုကြောင်း ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်က မေ ၂၁ ရက် နံနက် ၁၀ နာရီတွင် ပေါက်တောမြို့နယ် င/ပြီတက် ကျေးရွာ၌ တောင်သူလယ်သမားများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံမှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများသည် ဒေသခံ တောင်သူလယ်သမားများအား မျိုးစပါးများကို ပေးအပ်ခဲ့ကြသည်။

ဆက်လက်၍ င/ပြီတက်ကျေးရွာ သက်ကယ်ကန်နှင့် သက်ကယ်ကုန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး သက်ကယ်ကုန်း ပြုပြင်ရန် ဆည်မြောင်းဦးစီးဌာန တာဝန်ရှိသူများနှင့် ညှိနှိုင်းမှာကြားသည်။

ယင်းနောက် ကျောက်တောင်ကျေးရွာ၌ ဒေသခံတောင်သူလယ်သမားများအား မျိုးစပါးများ ပေးအပ်ခဲ့ပြီးနောက် ကျောက်တောင်တိုက်နယ်ပြည်သူ့ဆေးရုံကို ကြည့်ရှုစစ်ဆေးကာ မွန်းလွဲပိုင်းတွင် မြေပုံမြို့နယ် လွန်းလုံးပိုက်ကျေးရွာ၌ တောင်သူလယ်သမားများအား မျိုးစပါး ပေးအပ်၍ သက်ကယ်ကန်နှင့် ရေတားကာရီ ပြုပြင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ပြည်နယ်ဝန်ကြီးချုပ်သည် မေ ၂၂ ရက် မွန်းလွဲပိုင်းတွင် မြေပုံမြို့နယ် ကျောက်ငနွားကျေးရွာ ရွာအဝင်လမ်း ရေတားကာရီဆယ်ဖို့နေမှုကို ကြည့်ရှုစစ်ဆေးပြီး မျိုးစပါးပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်၍ မြို့မတိုက်နယ်၊ တောင်စိုင်ကမ်း၊ ကမ်းထောင့်ကြီး၊ ကွမ်းချောင်း၊ ဒိုက်ပုံကျေးရွာများမှ တောင်သူလယ်သမားများအား မျိုးစပါး ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အလုံမြို့နယ် ဆင်မင်းရပ်ကွက် သိပ္ပံလမ်းနေ ညီအစ်မတစ်စုက မိဘနှစ်ပါးနှင့် အစ်မကြီးဒေါ်စိန်ရင်အား ရည်စူး၍ တွံတေးမြို့ မိဘဂုဏ်ဘိုးဘွားရိပ်သာ ဘိုးဘွားများ တစ်နေ့တာ အာဟာရနှင့် ဆေးပဒေသာပင်အဖြစ် ငွေကျပ် ၁၃၅၀၀၀ လှူဒါန်းရာ ဘိုးဘွားရိပ်သာ အတွင်းရေးမှူး ဦးမြသိန်း လက်ခံစဉ်။

(၃၄၂)

ရေဝတီတံတား(ရတနာသိယံ)အား သတ်မှတ်စံချိန်စံညွှန်းအတိုင်း တည်ဆောက် ချဉ်းကပ်ကားလမ်းနှစ်ဖက်လုံး ကတ္တရာလမ်းပြီးစီးရေး အမြန်ဆုံးဆောင်ရွက်

နေပြည်တော် မေ ၂၅

ရေဝတီတံတား(ရတနာသိယံ)သည် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ် ကျောက်မြောင်း-နွယ်ငြိမ်းကျေးရွာနှင့် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့နယ်တို့ကို ဆက်သွယ်တည်ဆောက်ထားသည့် ရေဝတီမြစ်ကူးတံတားကြီးတစ်စင်း ဖြစ်သည်။ တံတားအမျိုးအစားမှာ အပေါ်ထည် သံမဏိသံပေါင်နှင့် သံကူကွန်ကရစ်ကြမ်းခင်း၊ အောက်ထည်သံကူကွန်ကရစ် လွန်တူးပိုင်အုတ်မြစ်တို့ဖြင့် တည်ဆောက်ထားပြီး စုစုပေါင်းတံတားအရှည် ပေ ၂၄၈၀၊ ယာဉ်သွားလမ်းအကျယ် ၂၈ပေ၊ ယာဉ်နှစ်လမ်းသွားနှင့် လူသွားလမ်းတစ်ဖက်လျှင် သုံးပေစီပါရှိသည်။ ရေလမ်းကင်းလွတ်အကျယ် ပေ ၃၂၀ နှင့် အမြင့် ၄၇ ပေ ရှိပြီး ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ ၇၅တန်ဖြစ်သည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်သည် မေ ၂၂ရက်တွင် အဆိုပါ ရေဝတီတံတား(ရတနာသိယံ) တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိပြီး တံတားတိုင်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ကျောက်မြောင်းဘက်ကမ်း ချဉ်းကပ်ကားလမ်း ၁ မိုင် ၅ ဖာလုံအား ကျောက်ခင်းခြင်း၊ ကတ္တရာခင်းခြင်း၊ Under Pass၊ Box Culvert နှင့် ရေပွန်များတည်ဆောက်ခြင်း ဆောင်ရွက်နေမှု၊ စဉ့်ကူးဘက်ကမ်းတွင် ချဉ်းကပ်ကားလမ်း အရှည် ၃ မိုင် ၃ ဖာလုံအား မြေကြီးလုပ်ငန်းကျောက်ခင်းခြင်း၊ ကတ္တရာခင်းခြင်း၊ Box Culvert တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တံတားတိုင်လုပ်ငန်းများပြီးစီး၍ ကျန်ရှိသည့်လုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရေး ကြိုတင်စီမံဆောင်ရွက်သွားရန်၊ ချဉ်းကပ်ကားလမ်း ကျောက်မြောင်းဘက်ကမ်းနှင့် စဉ့်ကူးဘက်ကမ်းနှစ်ဖက်လုံး ကတ္တရာလမ်းပြီးစီးရေး အမြန်ဆုံးဆောင်ရွက်ရန်၊ Under Pass များ၊ Box Culvert များနှင့် ရေပွန်များကိုလည်း သတ်မှတ်စံချိန်စံညွှန်းအတိုင်း စနစ်တကျဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် မေ ၂၃ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ခရိုင်အင်ဂျင်နီယာမှူးရုံး ရှင်းလင်းဆောင်၌ ခရိုင်ရုံးမှ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ဝန်ကြီးဌာန ဆောင်ရွက်ချက်များ တိုးတက်အောင်မြင်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်/ ခရိုင်/မြို့နယ်/ မြို့နယ်ခွဲများရှိ အရာထမ်း/အမှုထမ်းများအနေဖြင့် ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းများ၊ အဂတိလိုက်စားမှု၊ လာဘ်ပေးလာဘ်ယူမှု ကင်းရှင်းစေရန်၊ ရုံးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြန်ဆန်သွက်လက်စေရေး ကြိုးကြိုးစားစားလုပ်ကိုင်သွားကြရန် စသည်ဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံတောင်ပိုင်းဒေသများ မိုးပိုလာနိုင်

နေပြည်တော် မေ ၂၅

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး၊ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာအနှံ့အပြား၊ ရန်ကုန်တိုင်းဒေသကြီးတွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **နေ့အပူချိန်များမှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့်နေ့ အပူချိန်များမှာ** ချောက်မြို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်နှင့် ညောင်ဦးမြို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ရန်ကုန်(ကမ္ဘာအေး) တွင် ၃ ဒသမ ၇၇ လက်မ၊ ဇလွန်မြို့တွင် ၂ ဒသမ ၇၆ လက်မ၊ ရန်ကုန်(မင်္ဂလာဒုံ)တွင် ၂ ဒသမ ၀၄ လက်မ၊ ပူတာအိုမြို့တွင် ၁ ဒသမ ၉၃ လက်မ၊ လောင်းလုံမြို့တွင် ၁ ဒသမ ၈၉ လက်မ၊ မန္တလေးမြို့တွင် ၁ ဒသမ ၅၇ လက်မနှင့် အောင်လံမြို့တွင် ၁ ဒသမ ၃၀ လက်မ တို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မနက်ဖြန်ညနေထိခန့်မှန်းချက်။ ။ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်။ ။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံ တောင်ပိုင်းဒေသများ မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့ နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ပြည်တွင်းစားသုံးဆီနှင့် ပဲဈေးကွက်သတင်း

ယခုအပတ် ပြည်တွင်းစားသုံးဆီဈေးကွက်မှ ဆီဈေးနှုန်းများ ဈေးကွက်လိုက်၍ ဈေးနှုန်းအပြောင်းအလဲများ ဖြစ်ပေါ်လျက်ရှိသော်လည်း ပဲမျိုးစုံဈေးကွက်တွင် ပဲအမျိုးမျိုးဈေးနှုန်းများ တည်ငြိမ်လျက်ရှိသည်။

ပဲဆီ။ ။ ပြည်တွင်းပဲဆီဈေးကွက်တွင် ရန်ကုန်ပဲဆီဈေးကွက်မှာ ယခင် ပဲဆီတစ်ပိဿာ ကျပ် ၃၉၀၀ မှ ယခု ကျပ် ၃၀၀၀ သို့လည်းကောင်း၊ မန္တလေးပဲဆီဈေးကွက်တွင် ယခင် ပဲဆီတစ်ပိဿာ ကျပ် ၃၇၀၀ မှ ယခု ကျပ် ၃၆၀၀ သို့လည်းကောင်း၊ မကွေးပဲဆီဈေးကွက်တွင် ယခင် ပဲဆီတစ်ပိဿာ ကျပ် ၃၈၀၀ မှ ယခု ကျပ် ၃၇၅၀ သို့လည်းကောင်း အသီးသီးကျဆင်းလျက်ရှိသည်။ သို့သော် ပဲခူး၊ တောင်ကြီးနှင့် စစ်တွေ ပဲဆီဈေးကွက်တို့တွင် အတက်အကျမရှိ တည်ငြိမ်လျက်ရှိကြောင်း သိရသည်။

နှမ်းဆီ။ ။ ပြည်တွင်းနှမ်းဆီဈေးကွက်တွင် ရန်ကုန်၊ မန္တလေးနှင့် မုံရွာနှမ်းဆီဈေးကွက်များမှာ နှမ်းဆီ တစ်ပိဿာလျှင် ယခင်အပတ်ဈေးနှုန်းထက် ၁၀၀ ကျပ်ခန့် ကျဆင်းခဲ့သည်။ ပဲခူးနှမ်းဆီဈေးနှုန်းမှာ ယခင် နှမ်းဆီ တစ်ပိဿာ ကျပ် ၃၄၀၀ သာရှိခဲ့ရာမှ ယခု ကျပ် ၃၆၀၀ ထိတက်လာခဲ့သည်။ တောင်ကြီးနှင့် စစ်တွေ နှမ်းဆီဈေးနှုန်းမှာ တည်ငြိမ်လျက်ရှိသည်။

စားအုန်းဆီ။ ။ ပြည်တွင်းစားအုန်းဆီဈေးကွက်များတွင် ဈေးကွက်လိုက်၍ ဈေးနှုန်းများ အပြောင်းအလဲမရှိ တည်ငြိမ်လျက်ရှိကြောင်းသိရသည်။

မတ်ပဲ၊ ပဲတီစိမ်းနှင့် ပဲစင်းငုံ(နီ)။ ။ ပြည်တွင်းပဲမျိုးစုံဈေးကွက်တွင် ပြည်နှင့်ဟင်္သာတ မတ်ပဲဈေးနှုန်းများ ယခင်အပတ်ကထက် မတ်ပဲတစ်တန်ဈေးနှုန်း ကျပ် ၆၀၀၀၀ ကျော်တက်လာခဲ့သော်လည်း ကျန်မတ်ပဲ ဈေးကွက်များတွင် အရောင်းအဝယ်အရ ဈေးအေးနေသည်။ ပြည်တွင်း ပဲတီစိမ်းနှင့် ပဲစင်းငုံ(နီ) ဈေးကွက်တွင် ဈေးကွက်အသီးသီး၌ ဈေးနှုန်းများ အတက်အကျမရှိ တည်ငြိမ်လျက်ရှိကြောင်း သိရသည်။

နိုင်လင်းကြည်

ပြည်ထောင်စုဝန်ကြီး ဦးခင်ရီအား ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၂၅

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Kim Sok Chol သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေး နှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ညှိနှိုင်းခန်းမ၌ လာရောက်တွေ့ဆုံ၍ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာလုပ်ငန်းအခြေအနေများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။**(အောက်ပုံ)** (သတင်းစဉ်)

ဝက်နားရွက်ပြာရောဂါအကြောင်း ပညာပေးဟောပြော

စစ်တွေ မေ ၂၅

ဝက်နားရွက်ပြာရောဂါ ပညာပေးဟောပြောပွဲကို မေ ၁၁ ရက် ညနေပိုင်းတွင် ရသေ့တောင်မြို့နယ် အရှေ့မြောက်ရပ်ကွက်၌ ကျင်းပရာ စစ်တွေခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါက်တာကျော်ကျော်က အမှာစကား ပြောကြားပြီး ရသေ့တောင်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာထွန်းမင်းနိုင်က ဝက်နားရွက်ပြာရောဂါအကြောင်း ပညာပေးဆွေးနွေး ဟောပြောသည်။

ထို့နောက် ဝက်မွေးမြူရေးပိုင်ရှင်များနှင့် တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ (မြို့နယ်မွေး/ကု)

အဘိုး၊ အဘွား၊ မိခင် ဒေါ်ခင်ခင်စိန်နှင့် သား မောင်ဝေဇင်တို့အား ရည်စူး၍ ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်နေ ဒေါ်နှင်းဆီမိသားစုက ဇီဝိတဒါန သံဃာ့ဆေးရုံကြီး(ရန်ကုန်)တွင် ဆောက်လုပ်နေသော သံဃာဆေးကုသဆောင်သစ်ကြီးတွင် သံဃာကုဋီတစ်ခန်းအတွက် အလှူငွေကျပ် ၁၀ သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အကျိုးတော်ဆောင် စာရင်းစစ် ဦးတင်မောင်ဝင်း လက်ခံစဉ်။ (ဇီဝိတဒါနသံဃာ့ဆေးရုံ)

သောင်းကျန်းသူများထောင်ထားသော မိုင်းတစ်လုံးနင်းမိသဖြင့် အပြစ်မဲ့ပြည်သူတစ်ဦး ဒဏ်ရာရရှိ

နေပြည်တော် မေ ၂၅

ယမန်နေ့ နံနက်ပိုင်းက ရှမ်းပြည်နယ် ဟိုပုံးမြို့နယ် မြို့ဦးကွက်သစ်ရပ်ကွက်နေ ဦးမောင်ငဲ အသက်(၄၁)နှစ်သည် နမ့်စန်မြို့နယ် ကွန်ကျိုင်းကျေးရွာအနီး၌ တောင်ယာလုပ်ကိုင်ရန် ခြံရှင်းလင်းစဉ် သောင်းကျန်းသူများထောင်ထားသော မိုင်းတစ်လုံးနင်းမိပြီး ပေါက်ကွဲခဲ့သည့်အတွက် ခြေနှစ်ဖက်လုံး၌ ဒဏ်ရာ(မစိုးရိမ်ရ) ရရှိခဲ့ကြောင်း၊ ၎င်းအား တာဝန်ရှိသူများက မိုင်းပွန်မြို့ရှိ ရတနာဆေးကုခန်းမှတစ်ဆင့် တောင်ကြီးမြို့ စဝ်စံထွန်း ဆေးရုံသို့ ပို့ဆောင်ဆေးဝါးကုသလျက် လိုအပ်သည်များ ကူညီစောင့်ရှောက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂၅-၅-၂၀၁၁

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၀. ၃၆၃၈	၀. ၀၃၂၉၃
တရုတ် (ယွမ်)	၆. ၄၉၄၄၅	၀. ၁၅၃၉၈
အိန္ဒိယ (ရူပီး)	၄၅. ၃၂၀၀	၀. ၀၂၂၀၇
မလေးရှား (ရင်းဂစ်)	၃. ၀၆၀၀၀	၀. ၃၂၆၈၀
စင်ကာပူ (ဒေါ်လာ)	၁. ၂၄၈၃၁	၀. ၈၀၁၀၈
ဂျပန် (ယန်း)	၈၂. ၀၆၄၈	၀. ၀၁၂၁၉
တောင်ကိုရီးယား(ဝမ်)	၁၁၀၁. ၈၄	၀. ၀၀၀၉၁
ယူရို	၀. ၇၁၀၉၅	၁. ၄၀၆၅၇
ဗြိတိသျှ (ပေါင်)	၀. ၆၁၆၀၆	၁. ၆၂၂၉၆

အင်တာနက်။

ပညာရေးရှင်းလင်းပွဲ ကျင်းပ

ရန်ကုန် မေ ၂၅

စင်ကာပူနိုင်ငံရှိ ကျောင်းများတွင် တက်ရောက်သင်ကြားနိုင်မည့် ဘာသာရပ်များနှင့် ရှန်ဟိုင်းမြို့ရှိ SBC တွင် တက်ရောက်နိုင်သော စီးပွားရေး အင်ဂျင်နီယာဘာသာရပ်များနှင့် ဝင်ခွင့်ဆိုင်ရာများအကြောင်းကို STUDY ABROAD မှ မေ ၁၇ ရက်မှစ၍ Park Royal ၌ ရှင်းလင်းပြသလျက်ရှိရာ မေလကုန်အထိ မှတ်ပုံတင်ပြီး ကျောင်းသား၊ ကျောင်းသူတိုင်းအတွက် IELTS (or) TOEFL စာမေးပွဲများ ဖြေဆိုရန်မလိုဘဲ စစ်ဆေးပေးသွားမည် ဖြစ်သည်။ တက်ရောက်လိုသူများသည် STUDY ABROAD အမှတ်(၂၉၀-အေ) ပထမထပ် ပြည်လမ်း (ဒဂုံစင်တာနှင့် မဟာမြိုင်ဆေးခန်းကြား) မြေနီကုန်း ဖုန်း-၅၂၄၁၂၆ နှင့် ၀၉-၈၀၂၂၁၈၄ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား ဗန်ကောက်မြို့ အခြေစိုက် ဆွီဒင်နိုင်ငံ သံအမတ်ကြီး H.E. Mr. Lennart Linner နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား ဆွီဒင်နိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၂၅

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား ဗန်ကောက်မြို့ အခြေစိုက် ဆွီဒင်နိုင်ငံ သံအမတ်ကြီး H.E. Mr. Lennart Linner နှင့်အဖွဲ့သည် ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

အဆိုပါ တွေ့ဆုံပွဲသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ ဦးစီးဌာန/လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၆-၅-၂၀၁၁ (ကြာသပတေးနေ့)

AM & PM

- ၅း၀၅ ပဌာန်းပါဠိတော်+ဓဇဂ္ဂသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ "မဂ္ဂင်ရှစ်ဖော်ယာဉ်ပျံတော်" တရားတော်
- ၆း၃၅ မေတ္တာတရားနဲ့အေးချမ်းတဲ့ ထမ့်စန်းလိုဏ်ဂူ
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၁၅)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမည်းအချစ်"(အပိုင်း-၇၃)**
- ၈း၅၀ မြန်မာနိုင်ငံ၏တစ်ဆူတည်းသော တမုတ်ရှင်ပင်ရွှေဂူကြီးဘုရား
- ၉း၀၀ နိုင်ငံခြားတွင် ပညာသင်ကြားရေး အတွက်အထောက်အကူပြုမည့် STUDY ABROAD
- ၉း၂၀ ရန်ကုန်မြင်ကွင်းကျယ်
- ၉း၃၅ အကျဉ်းဦးစီးဌာန၏ စတုတ္ထ အကြိမ်မြောက် ပဗ္ဗဇ္ဇအလှူ
- ၉း၅၅ ရန်ကုန်မြင်ကွင်းကျယ်
- ၁၀း၀၀ အထက(၁)လပွတ္တာ ဒုတိယ အကြိမ်မြောက်မြတ်ဆရာပူဇော်ပွဲ
- ၁၀း၃၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၁၁း၀၀ The Champion of Dance
- ၁၁း၃၅ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂း၀၅ မြန်မာနေရှင်နယ်ဖူဆယ်လိဂ်ပြိုင်ပွဲ အားဝင်ရောက်ယှဉ်ပြိုင်မည့် Yangon City FC
- ၁၂း၂၀ Activities In The City
- ၁၂း၄၀ စံတော်ဝင်မြေဖင်းတောရ ဓမ္မရိပ်သာ (မိုးကုတ်မြို့)
- ၁း၀၀ "မဂ္ဂင်ရှစ်ဖော်ယာဉ်ပျံတော်" တရားတော်
- ၁း၅၀ ဖူးရောက်စေချင်သည် ဗန္ဓိသေလာ ဆံတော်ရှင်စေတီတော်ကြီးဆီ
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ Quiz Idol
- ၂း၃၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ"(အပိုင်း-၁၅)**
- ၄း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမည်းအချစ်"(အပိုင်း-၇၃)**
- ၅း၁၅ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၏ ပထမအကြိမ်နည်းပညာဆိုင်ရာ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ
- ၅း၄၀ Welcome to KABAR AYE SONY SHOWROOM
- ၅း၅၀ ရန်ကုန်မြင်ကွင်းကျယ်
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၁၆)**
- ၇း၀၀ Style ရှိမှ Star ဖြစ်မယ်
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ စကားနပန်း
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမည်းအချစ်"(အပိုင်း-၇၄)**
- ၁၀း၂၀ အားကစားမြင်ကွင်းစုံ
- ၁၀း၄၅ ဖွားချို
- ၁၁း၀၀ အနုပညာမိုးကောင်းကင်
- ၁၁း၂၀ သူဌေးချောင်း၏ရေအလျဉ်. . . လျှပ်စစ်စွမ်းအားဂုဏ်အသွင်
- ၁၁း၃၀ ဂီတသရုပ်ပြခန်း
- ၁၂း၀၅ ကော်ဖီထုတ်လုပ်ခြင်းနှင့် ကော်ဖီသောက်သုံးမှု
- ၁၂း၂၀ ဓာတ်ပုံထဲမှအမှတ်တရများ
- ၁၂း၅၀ တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ
- ၁း၀၅ ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင်
- ၁း၂၀ နာတာရှည်ကျောက်ကပ် အလုပ်မလုပ် (သို့) အားနည်း ရောဂါအကြောင်း
- ၁း၄၅ လှပသစ်ဆန်းအလှပြင်ခန်း
- ၂း၀၀ Shooting Location
- ၂း၃၀ 2 D
- ၂း၅၀ ဖန်တီးသူတို့ကမ္ဘာ
- ၃း၀၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄း၀၅ ဒို့တိုင်းဌာနီဧရာဝတီ
- ၄း၃၀ ရဲယိုနှင့်ကျန်းမာရေး
- ၄း၄၀ ဖူးမြော်စေချင်. . . ထားဝယ်မြို့မှ ရှင်ကိုးရှင်
- ၅း၀၀ အစီအစဉ်ပြီး။

အရည်အချင်းပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်ပျိုးထောင် နိုင်ငံတော်နှင့် သုတေသနလုပ်ငန်းများဖွံ့ဖြိုးရေး ကြိုးပမ်း

နေပြည်တော် မေ ၂၅

ဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန်များနှင့်အညီ အရည်အချင်းပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ် ပြုစုပျိုးထောင်ရန်၊ နိုင်ငံတကာအဆင့်မီ အင်ဂျင်နီယာများ၊ နည်းပညာရှင် အတတ်ပညာရှင်များ၊ ကွန်ပျူတာပညာရှင်များ မွေးထုတ်ပေးနိုင်ရေးနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည့် သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်က ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးရုံး စုဝေးခန်းမ၌ ကျင်းပသည့် နည်းပညာမြင့်မားရေး ညှိနှိုင်းအစည်းအဝေး၌ ဆွေးနွေးမှာကြားသည်။

ယင်းညှိနှိုင်းအစည်းအဝေးသို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကိုကိုဦး၊ စက်မှုနှင့် သက်မွေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်မင်းအောင်၊ နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်များ၊ အစိုးရနည်းပညာကောလိပ်များ၊ အစိုးရစက်မှုလက်မှုသိပ္ပံများ၊ အစိုးရနည်းပညာ အထက်တန်းကျောင်းများ၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ သင်တန်းကျောင်းတို့၌ တာဝန်ထမ်းဆောင်လျက်ရှိသော ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ တက်ရောက်ခဲ့ပြီး နည်းပညာမြင့်မားရေးအတွက် ဆောင်ရွက်သွားရန် နည်းလမ်းများနှင့် လိုအပ်ချက်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဇမ္ဗူသီရိမြို့နယ်အတွင်း ကျောင်းဆောင်သစ်ဖွင့်ပွဲများ ကျင်းပ ရတနာတန်းဝင် သစ်ပင်ကြီးများ၊ နှစ်ရှည်ပန်းအလှပင်များ၊ အရိပ်ရအပင်ကြီးများ စိုက်ပျိုးပေး

နေပြည်တော် မေ ၂၅

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ပျက်စီးယိုယွင်းနေသဖြင့် ပြန်လည်ပြုပြင်ပြီးစီးသည့် အခြေခံပညာကျောင်း ကျောင်းဆောင်သစ်များ ဖွင့်ပွဲအခမ်းအနားများနှင့် ကျောင်းဖွင့်ပွဲအထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားများကို မေ ၂၄ ရက် နံနက်ပိုင်းတွင် အဆိုပါ အခြေခံပညာကျောင်းများ၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသိန်းညွန့် တက်ရောက်သည်။

ရှေးဦးစွာ ဇမ္ဗူသီရိမြို့ ရွှေကြာပင်ရပ်ကွက် အမှတ်(၂၇) အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို နံနက် ၈ နာရီတွင် ကျင်းပရာ ကျောင်းဆောင်သစ်များကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသိန်းညွန့်၊ အမှတ်(၂) အခြေခံပညာ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ရွှေ၊ အောင်ချမ်းသာ ဆောက်လုပ်ရေးကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာ ဦးနော်အောင်နှင့် ရပ်မိရပ်ဖ ဦးသိန်းဆွေတို့က ဖွင့်လှစ်ပေးကြသည်။

နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးသိန်းညွန့် ဇမ္ဗူသီရိမြို့နယ် ပြန်ကပြေးကျေးရွာရှိ အခြေခံပညာ အထက်တန်းကျောင်းခွဲ ကျောင်းဆောင်သစ် ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ရတနာတန်းဝင် ကျွန်းပင်ကို စိုက်ပျိုးပေးစဉ်။

(သတင်းစဉ်)

စိုက်ပျိုး

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန်က ကျောင်းဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ရတနာတန်းဝင် ကျွန်းပင်ကို လည်းကောင်း၊ တက်ရောက်လာသည့် ဧည့်သည်တော်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက နှစ်ရှည်ပန်းအလှပင်များ၊ ရတနာတန်းဝင်သစ်ပင်ကြီးများကို လည်းကောင်း စိုက်ပျိုးပေးကြသည်။

အဆိုပါကျောင်း၌ ယခင်ဟောင်းနွမ်းပျက်စီးနေသည့် အလျားပေ ၁၂၀၊ အနံပေ ၃၀ နှင့် အလျားပေ ၈၀၊ အနံပေ ၃၀ ရှိ တစ်ထပ်အုတ်ညှပ်ကျောင်းဆောင် နှစ်ဆောင်တို့ကို အောင်ချမ်းသာ ဆောက်လုပ်ရေးကုမ္ပဏီ၏ လှူဒါန်းငွေဖြင့် ပြုပြင်ဆောက်လုပ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဧည့်သည်တော်များသည် ဇမ္ဗူသီရိမြို့နယ် ပြန်ကပြေးကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းခွဲ ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ကျောင်းဖွင့်ပွဲအထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန်၊ အမှတ်(၂) အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အေစီအီးဆောက်လုပ်ရေးကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာ ဦးဇော်မိုးဝင်းနှင့် ရပ်မိရပ်ဖ ဦးစိုးနိုင်တို့က ကျောင်းဆောင်သစ်များကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန်က ကျောင်းဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ရတနာတန်းဝင် ကျွန်းပင်ကို လည်းကောင်း၊ တက်ရောက်လာသည့် ဧည့်သည်တော်များ၊ လူမှုရေးအသင်းအဖွဲ့များက ရတနာတန်းဝင် သစ်ပင်ကြီးများ၊ နှစ်ရှည်ပန်းအလှပင်များ၊ အရိပ်ရအပင်ကြီးများကို လည်းကောင်း စိုက်ပျိုးပေးကြသည်။

အဆိုပါကျောင်း၌ အေစီအီး ဆောက်လုပ်ရေးကုမ္ပဏီ၏ လှူဒါန်းငွေဖြင့် တစ်ထပ်အုတ်ညှပ် ကျောင်းဆောင်သုံးဆောင်ကို ပြုပြင်ဆောက်လုပ်ပြီးစီးခဲ့ခြင်းဖြစ်သည်။

ထိုမှတစ်ဆင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန်နှင့် ဧည့်သည်တော်များသည် ဇမ္ဗူသီရိမြို့နယ် လက်ပန်ခါးလှကျေးရွာ အမှတ်(၁၄၀) အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ကျောင်းဖွင့်ပွဲအထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲသို့ ဆက်လက်တက်ရောက်ကြသည်။

ပြုပြင်

အဆိုပါကျောင်း၌ အေစီအီး ဆောက်လုပ်ရေးကုမ္ပဏီ၏ လှူဒါန်းငွေဖြင့် အလျားပေ ၁၂၀၊ အနံပေ ၃၀ ရှိ တစ်ထပ်အုတ်ညှပ် ကျောင်းဆောင်တစ်ဆောင်ကို ပြုပြင်ဆောက်လုပ်ပေးခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင် ပညာရေးတာဝန်ခံ ဦးသန်းအောင်နှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များသည် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ အောင်ချမ်းသာကျေးရွာ အမှတ်(၁၃၈) အခြေခံပညာ မူလတန်းလွန်ကျောင်း၊ အလျှင်လိုကျေးရွာ အမှတ်(၃၄) အခြေခံပညာမူလတန်းလွန်ကျောင်း၊ တဲကြီးကုန်းကျေးရွာ အမှတ်(၇၃) အခြေခံပညာမူလတန်းကျောင်းများ၏ ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားများသို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တရားမဝင်ဆေးဝါးရောင်းချသူများ ဖမ်းဆီးရမိ

ရန်ကုန် မေ ၂၅

ရန်ကုန်မြို့ အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းလမ်းဆုံရှိ ကွမ်းယာဆိုင်များတွင် တရားမဝင်ဆေးဝါးများ ရောင်းချနေကြောင်း သတင်းရရှိသဖြင့် အင်းစိန်ရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ မေ ၇ ရက်က အဆိုပါကွမ်းယာဆိုင်များအား ဝင်ရောက်ရှာဖွေစစ်ဆေးရာ တရားမဝင်ဆေးဝါးများ၊ လိင်စိတ်နိုးကြွစေသော ချိုချဉ်၊ ပီကေ၊ ကော်ဖီတို့အား ရောင်းချနေသည့် အင်းစိန်မြို့နယ်နေ အောင်ကိုလင်း(ခ) ကိုလင်း (၂၆)နှစ် အပါအဝင် ၁၃ ဦးတို့အား ဖမ်းဆီးရမိသဖြင့် အင်းစိန်ရဲစခန်းက သက်ဆိုင်ရာ ဥပဒေများအရ အမှုဖွင့်စစ်ဆေးခဲ့သည်။

စစ်ဆေးပေါ်ပေါက်ချက်အရ အဆိုပါ ဆေးဝါးများအား ဖြန့်ဖြူးရောင်းချသည့် ဒေါပုံမြို့နယ်နေ မောင်မောင်(၃၃)နှစ်၏ သိမ်ကြီးဈေး(D)ရုံရှိ ဆေးဆိုင်ကို လသာရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေရာ လိင်စိတ်နိုးကြွစေသော ဆေးဝါးအမျိုးအမည်စုံ ၄၇ မျိုးနှင့် မင်္ဂလာတောင်ညွန့်မြို့နယ်နေ သန်းနိုင်(ခ) ဟာရှင် (၃၆)နှစ် သိမ်ကြီးဈေး (D)ရုံရှိ ဆေးဆိုင်မှ လိင်စိတ်နိုးကြွစေသော ဆေးဝါးအမျိုးအမည်စုံ ရှစ်မျိုးကို သိမ်းဆည်းရမိသဖြင့် လသာမြို့နယ် ရဲစခန်းက သက်ဆိုင်ရာ ဥပဒေများအရ အမှုဖွင့်အရေးယူခဲ့သည်။

မောင်မောင်နှင့် သန်းနိုင်တို့အား ဆက်လက်စစ်ဆေးဖော်ထုတ်ချက်အရ အဆိုပါဆေးဝါးများကို တာမွေမြို့နယ်နေ မိုးကျော်တင် (၃၃)နှစ်ထံမှ ဝယ်ယူရရှိကြောင်း သိရှိရသဖြင့် တာမွေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ မိုးကျော်တင်၏ တိုက်ခန်းကို ဝင်ရောက်ရှာဖွေရာ လိင်စိတ်နိုးကြွစေသော ဆေးဝါးအမည်စုံ ၇၃ မျိုး၊ လိင်နှင့်ပတ်သက်သည့် ပစ္စည်းငါးမျိုးတို့ကို သိမ်းဆည်းရမိသဖြင့် မိုးကျော်တင်အား တာမွေရဲစခန်းက သက်ဆိုင်ရာ ဥပဒေများဖြင့် အရေးယူထားကြောင်း သိရှိရသည်။

သတိပြုဆင်ခြင်စရာ မှုခင်းအဖြာဖြာ

မူးယစ်စေတတ်သော ဆေးဝါးများသည် လူငယ်များအား အကျင့်စာရိတ္တပျက်ပြားစေသည့်အပြင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးတို့ကို ဆိုးရွားစွာ ထိခိုက်စေသည်။ ထို့ပြင် မှုခင်းများလည်း အလွယ်တကူ ကျူးလွန်စေနိုင်သည့်အတွက် ပြည်သူများအနေဖြင့် ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ သိုလှောင်ဖြန့်ဖြူးခြင်း၊ သုံးစွဲခြင်းမပြုလုပ်ကြရန်နှင့် ရောင်း၊ ဝယ်၊ သိုလှောင်၊ ဖြန့်ဖြူးနေမှုများကို သိရှိပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ သတင်းပေးကြရန် နှိုးဆော်ထားသည်။

(သတင်းစဉ်)

လူသတ်၊ ဆိုင်ကယ်ယူသွားသူများအား ဖမ်းဆီးရမိ

ရန်ကုန် မေ ၂၅

မော်လမြိုင်မြို့ ဘိုကုန်းရပ်ကွက် အဆုတ်ဆေးရုံအနောက်ဘက်တွင် မေ ၁၃ ရက် ည ၁၀ နာရီက အမည်မသိ အမျိုးသားတစ်ဦး ဒဏ်ရာများဖြင့် သေဆုံးနေကြောင်း သတင်းရရှိသဖြင့် ရဲတပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ မော်လမြိုင်မြို့ ဖက်တန်းရပ်ကွက်နေ အေးမင်းစိုး(ခ) အခြောက်မ (၃၀) နှစ်ဖြစ်ပြီး ဦးခေါင်းတွင် ပေါက်ပြဲဒဏ်ရာ တစ်ချက်၊ ဝဲပါး ပြတ်ရှဒဏ်ရာတစ်ချက်၊ ယာနားရွက်နောက် ပြတ်ရှ၊ ရင်ညွန့် ထိုးသွင်းဒဏ်ရာ တစ်ချက်၊ ယာဒူး ပွန်းပဲ့ဒဏ်ရာ တစ်ချက်တို့ဖြင့် သေဆုံးနေကြောင်း စစ်ဆေးတွေ့ရှိရသည်။ အေးမင်းစိုးမှာ ဟွန်ဒါဝေ့ဗ် အပြာရောင်ဆိုင်ကယ်တစ်စီး၊ ဟန်းဖုန်းတစ်လုံးတို့နှင့်အတူ မေ ၁၃ ရက် နံနက် ၉ နာရီတွင် နေအိမ်မှ ထွက်ခွာသွားကြောင်း သိရသဖြင့် မော်လမြိုင်မြို့ မြို့မရဲစခန်းက အမှုဖွင့် စုံစမ်းခဲ့ရာ ပြစ်မှုကျူးလွန်သူများမှာ သေဆုံးသူ၏ ဆိုင်ကယ်အား ရယူသွားကြောင်း သိရှိရသဖြင့် ဆက်စပ် ရဲစခန်းများ၊ မြို့ဝင်ထွက် ဂိတ်များ၊ တံတား လုံခြုံရေးဂိတ်များနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ချိတ်ဆက်သတင်းပေး၍ စုံစမ်းခဲ့သည်။

မေ ၁၄ ရက် မွန်းတည့် ၁၂ နာရီတွင် ရေးမြို့အဝင်ဂိတ် သံဖြူဇရပ်မှ ရေးမြို့သို့ လူသုံးဦး စီးနင်းလာသည့် မသက်ာဖွယ်ဆိုင်ကယ်တစ်စီးကို တားဆီးစစ်ဆေးခဲ့ရာ စီးနင်းလာသူနှစ်ဦးမှာ ထွက်ပြေးသွားပြီး မော်လမြိုင်မြို့နေ စိုင်းလင်းထွန်း (၂၂)နှစ်အား ဖမ်းဆီးရမိခဲ့သည်။ ဆိုင်ကယ်မှာ ပြစ်မှုကျူးလွန်ပြီး ယူဆောင်လာသည့် ဆိုင်ကယ်ဖြစ်ကြောင်း သိရှိရသည်။ ထွက်ပြေးသွားသူ နှစ်ဦးအနက် မော်လမြိုင်မြို့နေ အောင်အောင်ဦး (၁၈)နှစ်အား မေ ၁၅ရက်တွင် ဖမ်းဆီးရမိခဲ့ပြီး ကျန်ပြစ်မှုကျူးလွန်သူ တင်ထွန်းဦးအား ဆက်လက်စုံစမ်းလျက်ရှိကြောင်း သိရသည်။ (သတင်းစဉ်)

သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

ပြည်တွင်း အားကစားသတင်းများ

ပြည်တွင်း အားကစားသတင်းများ ပြည်တွင်း အားကစားသတင်းများ

ရတနာပုံအသင်းကို ပယ်နယ်တီဖြင့် အနိုင်ယူပြီး ရောဝတီယူနိုက်တက် ကွာတားတက်

ရန်ကုန် မေ ၂၅

MFF Max Cement Cup 2011 ရှုံး/ထွက်ဖလား ဘောလုံးပြိုင်ပွဲ ပထမအဆင့်ပွဲစဉ်များကို ယနေ့ ညနေ ၃ နာရီခွဲတွင် အောင်ဆန်းကွင်းနှင့်သုဝဏ္ဏကွင်းတို့၌ ကျင်းပရာ ရောဝတီယူနိုက်တက်အသင်းနှင့် ကာကွယ်ရေးအသင်းတို့ နောက်တစ်ဆင့်သို့ တက်ရောက်သွားသည်။

(အောင်ဆန်းကွင်း)

ရောဝတီယူနိုက်တက် - ခုနစ်ဂိုး

ရတနာပုံ - ခြောက်ဂိုး

MNL အမှတ်ပေးပြိုင်ပွဲတွင် ရလဒ်ကောင်းများရရှိပြီး ရှုံးပွဲမရှိ စံချိန်တင်ထားသည့် ရောဝတီယူနိုက်တက်အသင်းမှာ ယခုရှုံး/ထွက်ပြိုင်ပွဲတွင်လည်း နာမည်ကြီး ရတနာပုံအသင်းကို ပယ်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ယူကာ ကွာတားဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့သည်။ အမှတ်ပေးပြိုင်ပွဲတွင် နိုင်ပွဲတစ်ပွဲသာရရှိသေးသည့် ရတနာပုံအသင်းမှာ ယခုပြိုင်ပွဲတွင် အောင်မြင်မှုရရှိရန် ကြိုးပမ်းခဲ့သော်လည်း ဦးဆောင်ဂိုးကို မထိန်းနိုင်၍ ပြိုင်ပွဲမှ စောစီးစွာ ထွက်ခဲ့ရသည်။ ရတနာပုံအသင်းမှာ ယမန်နှစ် ၂၀၁၀ ပြိုင်ပွဲတွင်လည်း ပထမအဆင့်မှာပင် ထွက်ခဲ့ရဖူးရာ နှစ်နှစ်ဆက်တိုက်ပြိုင်ပွဲမှ ထွက်ခဲ့ရခြင်းလည်းဖြစ်သည်။

အမာခံကစားသမားများ ဖြစ်သည့် ကိုနေး၊ ကမ်ဘူးနှင့် အောင်မြင့်အေးတို့ ဒဏ်ရာကြောင့် မပါနိုင်သော်လည်း ပွဲအစတွင် ရတနာပုံတို့ ဖိကစားနိုင်ခဲ့သည်။ ကိုးမိနစ်မှာပင် ရတနာပုံတို့ ဂိုးစရခဲ့ပြီး ရန်ပိုင်က ပြစ်ဒဏ်ဘောမှ တိုက်ရိုက်ကန်သွင်းခဲ့ခြင်းဖြစ်သည်။ ရောဝတီယူနိုက်တက်အသင်းမှာ ချေပဂိုးရရှိရန်အတွက် ဒုတိယပိုင်းတွင် အမာခံကစားသမားများကို ထည့်သွင်းကစားခဲ့ပြီး ၆၁ မိနစ်တွင် ဂျူပီတာက ပြစ်ဒဏ်ဘောမှတစ်ဆင့် ချေပဂိုးပြန်သွင်းခဲ့သည်။ မိနစ် ၁၂၀ ပြည့်သည်အထိ တစ်ဂိုးစီသရေကျနေ၍ ပယ်နယ်တီဖြင့် ဆုံးဖြတ်ခဲ့ရပြီး ရောဝတီယူနိုက်တက်က ခြောက်ဂိုး-ငါးဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ငါးလုံးစီကန်ရာတွင် ရောဝတီမှ စိုးသီဟအောင်၊ ထွန်းလင်းအောင်၊ အွန်ယီမာနှင့် နေလင်းအောင်တို့မှာ ဝင်အောင်ကန်နိုင်ပြီး ဂွန်၏ကန်သွင်းမှုမှာ အပေါ်ကျော်သွားခဲ့သည်။ ရတနာပုံအသင်းမှ ဟိန်းသီဟဇော်၊ ပိုင်စိုး၊ စိုးကျော်ကျော်နှင့် ခင်မောင်ထွန်းတို့ ဂိုးဝင်ပြီး အေးမိုး၏ကန်သွင်းမှုမှာ ဘေးထွက်ခဲ့သည်။ ရောဝတီမှ မျိုးဝင်းထွဋ်နှင့်ဂျူပီတာတို့ ဂိုးဝင်အောင်သွင်းနိုင်ပြီး ရတနာပုံအသင်းမှ အက်စလေသာ ဂိုးဝင်ပြီး ရဲဇော်ထက်အောင် ကန်သွင်းသည့် ခုနစ်လုံးမြောက်ကို ဂိုးသမား ပြည့်ဖြိုးဦးကာကွယ်နိုင်ခဲ့၍ ရောဝတီအသင်းအနိုင်ရှိသွားခြင်းဖြစ်သည်။

(သုဝဏ္ဏကွင်း)

ကာကွယ်ရေး - တစ်ဂိုး

(တင်ကိုကိုထွန်း)

စွမ်းအင် - ဂိုးမရှိ

ရောဝတီတိုက်စစ်မှူး မင်းမင်းထွန်းကို ရတနာပုံနောက်ခံလူ လိုက်လံဟန့်တားစဉ်။

သတင်းမှတ်စုနှင့်ဓာတ်ပုံ ရှိုင်းထက်ဇော်

လက်ရွေးစင် တိုက်ကွမ်ဒိုအားကစားလူငယ်များ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် ကြိုတင်လေ့ကျင့်နေစဉ်။

အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဝင်မည့် တိုက်ကွမ်ဒိုအားကစားသမားများ ကိုရီးယားသို့ သွားရောက်လေ့ကျင့်မည်

ရန်ကုန် မေ ၂၅

မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ်အနေဖြင့် လာမည့် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ(ဆီးဂိမ်းစ်)တွင် အောင်မြင်မှုများရရှိစေရန်၊ မျိုးဆက်သစ်လူငယ်များ နိုင်ငံတကာအတွေ့အကြုံ ပြိုင်ပွဲအတွေ့အကြုံများ ရရှိစေရန်အတွက် ကိုရီးယားနိုင်ငံသို့ သွားရောက်ကာ ပူးတွဲလေ့ကျင့်ခြင်း၊ ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းများကို ဇူလိုင်လအတွင်း ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းသို့သွားရောက်ခြင်းနှင့်ပတ်သက်၍“လာမယ့်ဇူလိုင်လမှာ ကိုရီးယားနိုင်ငံ အင်ချွန်းမြို့မှာရှိတဲ့ ကျောင်းတွေမှာသွားပြီး ပူးတွဲလေ့ကျင့်မှုတွေလုပ်ဖို့ရှိပါတယ်။ အနည်းဆုံးတစ်လပေါ့။ လိုအပ်ချက်ရှိမယ်ဆိုရင် နောက်ထပ်တစ်လထပ်ပေါင်းပြီး နှစ်လလောက်ပူးတွဲလေ့ကျင့်သွားမှာဖြစ်ပါတယ်”ဟု မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်မှ နည်းပြချုပ် ဦးကျော်သန်းဦးက ရှင်းပြသည်။

လေ့ကျင့်နေစဉ်အတွင်း ရုရှားနိုင်ငံတွင်ကျင်းပမည့် တိုက်ကွမ်ဒိုကကွက်ပြိုင်ပွဲတစ်ခုသို့ (၂၅)ကြိမ်မြောက် ဆီးဂိမ်းစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိခဲ့သူ မယမင်းကေခိုင်နှင့် ငွေတံဆိပ်ဆုရရှိခဲ့သူ မောင်စန်းရှိန်သက်တို့ သွားရောက်ယှဉ်ပြိုင်မည့် အကြောင်းနှင့် ပတ်သက်၍လည်း နည်းပြချုပ်က“ကိုရီးယားနိုင်ငံမှာ လေ့ကျင့်နေစဉ် ကျွန်တော်တို့ဆီက နည်းပြတစ်ဦး၊ ကစားသမားနှစ်ဦးဖြစ်တဲ့ ယမင်းကေခိုင်နဲ့ စန်းရှိန်သက်တို့က ရုရှားနိုင်ငံမှာ ကျင်းပမယ့် ကမ္ဘာ့ချန်ပီယံရှစ် ကကွက်ပြိုင်ပွဲကို သွားရောက်ယှဉ်ပြိုင်ဖို့လည်း စီစဉ်ထားပြီးဖြစ်ပါတယ်။ ဒါက အဖွဲ့ချုပ်အနေနဲ့ ဆီးဂိမ်းစ်အတွက် ကြိုတင်ပြင်ဆင်ထားတဲ့ ဆောင်ရွက်ချက်ဖြစ်ပါတယ်”ဟု ပြောကြားသည်။

သတင်းမှတ်စုနှင့်ဓာတ်ပုံ-ချစ်ဝင်းမြတ်

ပြည်ပ အားကစားသတင်းများ

ပြည်ပ အားကစားသတင်းများ

ဒေးဗစ် ဒီဂီယာကို ပေါင် ၁၈ ဒသမ ၃ သန်းဖြင့် မန်ယူခေါ်ယူ



မန်ချက်စတာ မေ ၂၅

မန်ယူအသင်းသည် ဂိုးသမားဗန်ဒါဆားအနားယူသွားချိန်တွင် အစားထိုးနိုင်ရန်အတွက် အဆင့်အတန်းမီ ကစားသမားတစ်ဦး ရှာဖွေလျက်ရှိရာ ယခုအချိန်တွင် အက်သလက်တီကို မက်ဒရစ်အသင်းမှ ဂိုးသမားဒေးဗစ်ဒီဂီယာကို ပေါင် ၁၈ ဒသမ ၃ သန်းဖြင့် ခေါ်ယူနိုင်ခဲ့ပြီဟု The Sun သတင်းစာတွင် ဖော်ပြထားသည်။

လက်ရှိမန်ယူအသင်း၏ ပထမဂိုးသမား ဗန်ဒါဆားမှာ လာမည့်စနေနေ့ညတွင် ဘာစီလိုနာနှင့် ကစားမည့် ချန်ပီယံလိဂ် ဗိုလ်လုပွဲအပြီးတွင် အနားယူတော့မည်ဖြစ်သည်။ ဖာဂူဆန်က ဒေးဗစ်ဒီဂီယာသည် ဗန်ဒါဆား၏ အမွေကိုဆက်ခံနိုင်မည်ဟု ယုံကြည်ကြောင်း၊ လျင်မြန်ပြီးတည်ငြိမ်အေးဆေးမှုရှိကာ စည်းရုံးရေးကောင်းသည်က ဗန်ဒါဆားနှင့် တစ်ထပ်တည်းကျကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် ဒေးဗစ်ဒီဂီယာကို ရွေးချယ်ခဲ့ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဒေးဗစ်ဒီဂီယာသည် အသက်(၂၀)သာရှိသေးပြီး စပိန်ယူ-၂၁ လူငယ်လက်ရွေးစင်ဂိုးသမားတစ်ဦးလည်း ဖြစ်သည်။ ၎င်းသည် မန်ယူအသင်းတွင် ကျောနံပါတ်(၁)အင်္ကျီကို ဝတ်ဆင်ကစားမည်ဖြစ်သည်။ ဒေးဗစ်ဒီဂီယာသည် ဗန်ဒါဆား၏ ကျောနံပါတ်(၁)နေရာနှင့် ထိုက်တန်မှုရှိသည်လားဆိုသည်ကိုဖြင့် စောင့်ကြည့်ကြရပေဦးမည်ဖြစ်သည်။ ***အင်တာနက်။***

ချယ်လ်ဆီးအသင်း ကာကာနှင့်တီဗက်ဇ်တို့ကိုခေါ်ယူရန် ကြိုးပမ်းလျက်ရှိ

လန်ဒန် မေ ၂၅

ချယ်လ်ဆီးအသင်းပိုင်ရှင် အေဗရာမိုဗစ်ချ်သည် မိမိအသင်း လာမည့်နှစ်ဘောလုံးရာသီတွင် အောင်မြင်မှုများ ရရှိရေးအတွက် ရီးယဲလ်မက်ဒရစ် ကွင်းလယ်ကစားသမား ကာကာနှင့် မန်စီးတီးတိုက်စစ်မှူး တီဗက်ဇ်တို့ကိုခေါ်ယူရန် ကြိုးပမ်းလျက်ရှိကြောင်းသိရသည်။

အေဗရာမိုဗစ်ချ်က ကာကာနှင့် တီဗက်ဇ်တို့ကို ခေါ်ယူရန်ကြိုးပမ်းရခြင်းမှာ တိုက်စစ်မှူး ဖာနန်ဒိုတောရက်စ်ကို ဂိုးပေါက်ရှာတွေ့ရန် ကူညီရာရောက်စေမည်ဟုဆိုသည်။ မိုဗစ်ချ်သည် ၎င်း၏အသင်းကို လူငယ်များဖြင့်တည်ထောင်ရန် ဆန္ဒရှိနေသော်လည်း အသင်းကိုကောင်းကောင်းထိန်းကျောင်းပံ့ပိုးပေးနိုင်သည့် ဝါရင့်ကစားသမားများ လိုအပ်ကြောင်းကိုလည်း ကောင်းစွာသဘောပေါက်ထားသည်။ ထို့ကြောင့် လာမည့်နှစ်တွင် အသင်းကို လူငယ်၊ လူကြီးရောနှော၍ ဖွဲ့စည်းရန်ပြင်ဆင်လျက်ရှိနေသည်။ ***အင်တာနက်။***

အဂူရိုကို ပေါင်သန်း ၄၀ ရလျှင်ရောင်းမည်ဟုဆို

မက်ဒရစ် မေ ၂၅

အက်သလက်တီကို မက်ဒရစ်အသင်းက မိမိတို့၏ အာဂျင်တီးနားနိုင်ငံသားတိုက်စစ်မှူး ဆာဂျီယိုအဂူရိုကို ပေါင်သန်း ၄၀ ရလျှင် ရောင်းချတော့မည်ဟု ထုတ်ပြန်ကြေညာလိုက်သည်။

အသက် (၂၂) နှစ်ရှိ အဆိုပါ အာဂျင်တိုင်းသားလေး အဂူရိုကို အင်္ဂလိပ်ပရီမီယာလိဂ်အသင်းများဖြစ်သည့် ချယ်လ်ဆီး၊ မန်စီးတီး၊ လီဗာပူးနှင့် အာဆင်နယ်တို့က စိတ်ဝင်စားလျက်ရှိကြသည်။ ထို့အပြင် တိုက်စစ်မှူး ဘန်ဇီမာကို ထုတ်ရောင်းရန်ပြင်ဆင်နေသည့် ရီးယဲလ်မက်ဒရစ်ကလည်း အဂူရိုကိုခေါ်ယူရန် ပြင်ဆင်နေသည်ဟုသိရသည်။ အဂူရိုကို ခေါ်ယူမည်ဆိုပါက ပေါင် သန်း ၄၀ နှင့် တစ်ပတ်လုပ်ခ လစာတစ်သိန်းကျော်ပေးရမည်ဖြစ်ခြင်းကြောင့် လီဗာပူးနှင့် အာဆင်နယ်တို့ တိုးနိုင်ဖွယ်မရှိဘဲ ချယ်လ်ဆီး၊ မန်စီးတီးနှင့်ရီးယဲလ်မက်ဒရစ်တို့သာ အပြိုင်ဖြစ်လာနိုင်သည်။ ***အင်တာနက်။***

ပီယာလိုကို ဂျူဗင်တပ်စ်ခေါ်ယူ

ရောမ မေ ၂၅



အေစီမီလန်အသင်းမှ အီတလီကွင်းလယ်ကစားသမား ပီယာလိုကို ဂျူဗင်တပ်စ်အသင်းက အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူနိုင်ခဲ့ပြီဟု သိရသည်။

အသက်(၃၂)နှစ်ရှိ ပီယာလိုသည် အေစီမီလန်အသင်း အောင်မြင်မှုရအောင် စွမ်းဆောင်ပေးခဲ့သည့်အပြင် အီတလီအသင်း ၂၀၀၆ ကမ္ဘာ့ဖလားရချိန်ကတည်းက အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့သူဖြစ်သည်။ ပီယာလိုသည် ဂျူဗင်တပ်စ်နှင့် ချုပ်ဆိုသည့်စာချုပ်သစ်အရ ၎င်းသည် ဂျူဗင်တပ်စ်အသင်းတွင် လာမည့် ဇူလိုင် ၁ရက်မှ ၂၀၁၄ခုနှစ် ဇွန် ၃၀ရက်အထိ ရှိနေမည်ဖြစ်သည်။

အင်တာနက်။

ဟန်သစ်

ပထမအကြိမ် အာဆီယံ ရိုးရာစစ်တုရင်ပြိုင်ပွဲနှင့် သက်တန်းအလိုက် လူငယ်တံခွန်စိုက် စစ်တုရင်ပြိုင်ပွဲများဖွင့်

ရန်ကုန် မေ ၂၅

မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ပထမအကြိမ် အာဆီယံရိုးရာစစ်တုရင်ပြိုင်ပွဲနှင့် ၂၀၁၁ ခုနှစ် သက်တန်းအလိုက် လူငယ်တံခွန်စိုက် စစ်တုရင်ပြိုင်ပွဲများ၏ ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမောင်မောင်လွင်က နှုတ်ခွန်းဆက်စကား ပြောကြားပြီး ပထမအကြိမ် အာဆီယံရိုးရာစစ်တုရင်ပြိုင်ပွဲ၏ ပထမဦးဆုံးကစားကွက်ကိုရွှေ့၍ ပြိုင်ပွဲကိုဖွင့်လှစ်ပေးကာ မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးခင်မောင်ဦးက ၂၀၁၁ ခုနှစ် သက်တန်းအလိုက် လူငယ်တံခွန်စိုက် စစ်တုရင်ပြိုင်ပွဲ၏ ဦးဆုံးကစားကွက်ကို ရွှေ့၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

ထို့နောက် မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်သို့ ဦးဝင်းအောင် (M.D, FUTURE ENGINEERING) က အလှူငွေကျပ် သုံးသိန်းကိုလည်းကောင်း၊ ဦးဝင်းအောင် (ဥက္ကဋ္ဌ M.G. W Construction)က မြန်မာ့လက်ရွေးစင် စစ်တုရင်အားကစားသမားများ လေ့ကျင့်ရာတွင် အသုံးပြုရန် ငွေကျပ် ၁၀ သိန်း တန်ဖိုးရှိ Notebook Computer သုံးလုံးကိုလည်းကောင်း၊ တစ်လုံးလျှင် ၁၅၉ ဒေါ်လာတန်ဖိုးရှိ နိုင်ငံတကာစစ်တုရင်ပြိုင်ပွဲသုံး အဆင့်မြင့် ဒီဂျစ်တယ်(လ်) စစ်တုရင်နာရီများကို လှူဒါန်းရာ၌ ဦးညိုဝင်း(ဒါရိုက်တာ ပတ္တမြားဟသ်ာကုမ္ပဏီ)က တစ်လုံး၊ ဒေါက်တာသန်းထွဋ်အောင်က လေးလုံး၊ အဆိုတော် သရုပ်ဆောင် စိုင်းစိုင်းခမ်းလှိုင်က ငါးလုံးတို့ကိုလည်းကောင်း လှူဒါန်းရာ မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင်က လက်ခံသည်။

မြန်မာ့စစ်တုရင် လက်ရွေးစင်အသင်း၌ အခြေခံနိုင်မည့် မျိုးဆက်သစ်လူငယ်လက်ရွေးစင်များ ပေါ်ထွက်လာရေးကို အဓိကရည်မှန်းချက်ဖြင့် ကျင်းပလျက်ရှိသော ၂၀၁၁ခုနှစ် သက်တန်းအလိုက် လူငယ်တံခွန်စိုက် စစ်တုရင်ပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရန်အတွက် P.I.S.M (Pride International School of Myanmar) က အဓိကကူညီပံ့ပိုးထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပညာဂုဏ်ရောင် အလင်းဆောင်

ကော့မှူးမြို့နယ် ညောင်ကုန်းကျေးရွာ၌ စာကြည့်တိုက်ဖွင့်

ကော့မှူး မေ ၂၅

ကော့မှူးမြို့ ညောင်ကုန်းကျေးရွာ ကျေးရွာအလင်းစာကြည့်တိုက် ဖွင့်ပွဲကို မေ ၁၃ ရက် နံနက် ၁၀ နာရီက ကျင်းပရာ စာကြည့်တိုက်ကို ကော့မှူးမြို့နယ် အမှတ်(၂)မဲဆန္ဒနယ် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းထွန်းနိုင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရွှေ၊ မြို့နယ်စီမံကိန်းဦးစီးဌာန ဦးစီးမှူး ဒေါ်စန္ဒာမြင့်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမင်းမွန်ဇံနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသန်းဇော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(အပေါ်ပုံ)**

ထို့နောက် ဦးဝင်းထွန်းနိုင်က စာအုပ် ၁၅၀၊ မြန်မာနိုင်ငံစာကြည့်တိုက် ဖောင်ဒေးရှင်းက စာအုပ်စာစောင် ၃၅၀နှင့် အခြားအလှူရှင်များက စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။ (မြို့နယ်ပြန်/ဆက်)

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်စာစောင်များလှူဒါန်းနိုင်

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာ ဗဟုသုတ မြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီ ဆောင်ရွက်လျက်ရှိရာ စေတနာရှင် အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်း အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်သည်။

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနေ့ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲ မြောင်းမြ၌ ကျင်းပ

နေပြည်တော် မေ ၂၅

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် (၁၄)ကြိမ်မြောက် တိုင်းဒေသကြီးအဆင့် ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲကို မေ ၁၄ ရက်တွင် မြောင်းမြမြို့ မြရွှေဝါ ခန်းမ၌ ကျင်းပသည်။ ပြိုင်ပွဲသို့ ခရိုင်အတွင်း မြို့နယ်များရှိ အခြေခံပညာကျောင်းများမှ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား၊ကျောင်းသူ ၅၄ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး မြောင်းမြခရိုင် ရဲတပ်ဖွဲ့မှူး ရဲမှူး ညီညီနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်ပေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ပုဂံရှေးဟောင်းဘုရားပုထိုးများ ပြုပြင်ထိန်းသိမ်းရန်နှင့် ဘုရားကုန်းဟောင်းများအား ပြန်လည်တူးဖော်ထိန်းသိမ်းရန် လှူဒါန်းနိုင်

ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးကြပ်၍ ပုဂံဒေသရှိ ပြိုပျက်လျက်ရှိသော ရှေးဟောင်းစေတီပုထိုးများအား ရှေးမူလက်ရာမပျက် ပြန်လည်ပြုပြင်မွမ်းမံလျက်ရှိပါသည်။

ဘုရားစေတီတစ်ဆူချင်းပြုပြင်ရန် ၁၂၃ ဆူကျန်ရှိပြီး တစ်ဦးချင်းဖြစ်စေ၊ စုပေါင်းလှူဒါန်းမှုဖြင့် ဖြစ်စေ စေတနာရှင်များက လှူဒါန်းလျက်ရှိသည့်နည်းတူ နဝကမ္မအလှူငွေများကိုလည်း လက်ခံ၍ စုပေါင်း အလှူငွေဖြင့် ပြုပြင်ပေးလျက်ရှိပါသည်။

ပုဂံဒေသရှိ အချို့ဘုရားပုထိုးများမှာ ယိုယွင်းပြိုကျ မြေပျက်စီးခဲ့ရာ မြေကုန်းကြီးများသဖွယ် တည်ရှိနေသည့် အုတ်ကုန်းပေါင်း ၈၉၂ ကုန်းကိုလည်း ပြန်လည်တူးဖော်ပြီး ပုဂံဘုရားများပုံစံအတိုင်း ရှေးမူမပျက် ပြုပြင်တည်ထားလျက်ရှိပါသည်။

သို့ပါ၍ ပြိုပျက်လျက်ရှိသော ရှေးဟောင်းစေတီပုထိုးများပြုပြင်ရန်အတွက်လည်းကောင်း၊ ဘုရားကုန်းဟောင်းများ တူးဖော်ပြုပြင်ထိန်းသိမ်းရန်အတွက်လည်းကောင်း ပါဝင်လှူဒါန်းကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

လှူဒါန်းနိုင်သည့်နေရာ ဌာနများ

၁။ ယဉ်ကျေးမှုဝန်ကြီးဌာန
ရုံးအမှတ်(၃၅)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၈၂၁၄

၂။ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန
ရုံးအမှတ်(၃၅)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၈၀၄၀၊ ၄၀၈၀၂၇

၃။ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန၊ ရန်ကုန်ဌာနခွဲ၊
၃၂ ဒီ၊ ခြောက်မိုင်ခွဲ၊ ပြည်လမ်း၊ ရန်ကုန်မြို့
ဖုန်း-၀၁-၅၁၅၀၅၄၊ ၅၁၂၃၇

၄။ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန၊ ပုဂံဌာနခွဲ၊ ပုဂံမြို့
ဖုန်း-၀၆၁-၆၀၂၆၉

၅။ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန၊ မန္တလေးဌာနခွဲ၊ မန္တလေးမြို့
ဖုန်း-၀၂-၇၆၁၅၂

နိုင်ငံ့ဝန်ထမ်းဂျာနယ် အတွဲ(၈)၊ အမှတ်(၂) ထုတ်ဝေ

ရန်ကုန် မေ ၂၅

ပြည်ထောင်စုရာထူးဝန်အဖွဲ့က နိုင်ငံ့ဝန်ထမ်းဂျာနယ် အတွဲ(၈)၊ အမှတ် (၂)ကို ထုတ်ဝေလိုက်သည်။**(ယာပုံ)**

နိုင်ငံ့ဝန်ထမ်းဂျာနယ်သည် အရည်အသွေး တိုးတက်မြင့်မားရေး၊ အသိပညာဗဟုသုတပြည့်ဝစေရေး၊ ဝန်ထမ်းကျင့်ဝတ်၊ တာဝန်နှင့် စည်းကမ်းလိုက်နာ စောင့်ထိန်းစေရေးအတွက် အထောက်အကူပြုသည့် ပညာရပ်ဆိုင်ရာဂျာနယ်ဖြစ်ပြီး တစ်နှစ်လျှင်နှစ်ကြိမ် ထုတ်ဝေလျက်ရှိသည်။ အဆိုပါ ဂျာနယ်ကို နေပြည်တော်၌ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ရုံးအမှတ်(၁၇) ဝင်းသူဇာအရောင်းဆိုင်နှင့် မြို့မဈေး မြတ်ရွှေတောင်စာပေ၊ ပျဉ်းမနားတွင် သရဖူစာပေဥယျာဉ်နှင့် သော်တာစန်းစာပေ၊ ရန်ကုန်မြို့တွင် အင်းဝစာအုပ်တိုက်နှင့် စာပေဗိမာန် စာအုပ်ဆိုင်တို့၌ တစ်အုပ်လျှင် ၂၀၀၀ ကျပ်ဖြင့် ဝယ်ယူနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)



သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

STEEL KING COMPANY LIMITED
ဖွင့်ပွဲအခမ်းအနား
နှင့်
K.Y KYAW KYAW BUSINESS GROUP
၂၅ နှစ် ပြည့် ငွေရတုအထိမ်းအမှတ်အခမ်းအနား
တို့
အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့သဖြင့်
လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူပါကြောင်း

၁။	ဒေါက်တာခင်ရွှေ	(ဇေကမ္ဘာကုမ္ပဏီ)	၁၅။	ဦးမျိုးဝင်း	(ဝင်းရွှေရည်ကုမ္ပဏီ)
၂။	ဒေါက်တာစိန်မြင့်	(Supreme Enterprise Co.)	၁၆။	ဦးမြဟန်	(Fortune In't Co.)
၃။	ဦးဇော်ဝင်း	(အရှုတ်ဦးကုမ္ပဏီ)	၁၇။	ဦးရွှေကြိုင်	(ဝါဝါဝင်းကုမ္ပဏီ)
၄။	ဦးအိုက်ထွန်း	(အိုလံပစ်ကုမ္ပဏီ)	၁၈။	ဦးမြင့်ကိုကိုတင်ဆန်း	(ACE ကုမ္ပဏီ)
၅။	ဦးကိုကိုထွေး	(တော်ဝင်ကုမ္ပဏီ)	၁၉။	ဦးအောင်ထွန်း	(မြို့ရွာနှင့်အိုးအိမ်)
၆။	ဦးကျော်ဝင်း	(ရွှေသံလွင်ကုမ္ပဏီ)	၂၀။	ဦးမောင်မောင်	(ရွှေကမ္ဘာကုမ္ပဏီ)
၇။	ဦးဇေသီဟ	(ဇေကမ္ဘာကုမ္ပဏီ)	၂၁။	ဦးထွန်းလှိုင်	(ထွန်းစေတီကုမ္ပဏီ)
၈။	ဦးစိန်သစ်	(Tosta ကုမ္ပဏီ)	၂၂။	ဦးစိုးမြင့်	(FMIကုမ္ပဏီ)
၉။	ဦးဉာဏ်သစ်လှိုင်	(Myanmar Industrial Co.)	၂၃။	ဦးရန်ဝင်း	(ဆေဝမ်ကုမ္ပဏီ)
၁၀။	ဦးတိုးနိုင်မန်း	(REDLINK COMMUNICATION CO)	၂၄။	ဦးသိန်းဟန်	(Tokyo Pipe)
၁၁။	ဦးသန်းမြင့်	(High Rise ကုမ္ပဏီ)	၂၅။	ဦးကျော်နိုင်ဦး	(Naing Group)
၁၂။	ဦးမောင်မောင်	(Asia Express Co.)	၂၆။	ဒေါ်ခင်စန်းတင့်	(မြန်မာ့အလှဆောက်လုပ်ရေး)
၁၃။	ဦးကျော်ညွန့်	(ရွှေကျားပျံဆောက်လုပ်ရေး)	၂၇။	ဦးခင်မောင်ဖြိုး	(ရွှေတောင်းဆောက်လုပ်ရေး)
၁၄။	ဦးထွန်းဝင်း	(မြန်မာ့ဟေဝသံမဏိကုမ္ပဏီ)	၂၈။	ဦးအောင်ထွေး	(Golden Flower Co.)





ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့၊အထက(အနီးစခန်း) ဒသမတန်း(F)တွင် ပညာသင်ကြားနေသော မောင်ဝင်းနိုင်၏ ဖခင်အမည်မှန်မှာ ဦးကျော်တင့်[၉/မမန(နိုင်)၀၆၃၆၃၃]ဖြစ်ပါသည်။

ဦးကျော်တင့်

အမည်ပြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ ထန်းကုန်းကျေးရွာနေဦးအောင်ကျော်ဝင်း-ဒေါ်နီနီအောင်တို့၏သမီး ထန်းကုန်းအထက(ခွဲ)မှ အဋ္ဌမတန်းအောင် မမေမြတ်နိုးအား မခင်မြတ်နိုးဟု ပြောင်းလဲခေါ်ပါရန်။

အမည်ပြောင်း

ကျိုက်လတ်မြို့ အထက(၁)နဝမတန်း(ခ)မှဦးခင်နိုင်၏သားမောင်အောင်ခန့်ဇော် မှတ်ပုံတင်အမှတ်[၁၄/ကလန(နိုင်)၁၂၉၉၄၆]အား မောင်ကောင်းခန့်ပိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

ဖခင်အမည်မှန်

အမှတ် ၂၅၁/က (၇)ရပ်ကွက် စိန်ပန်းမြိုင်လမ်း၊ လှိုင်သာယာမြို့နယ်၊ အမက (၁၇) စတုတ္ထတန်း (အေ)တွင် ကျောင်းတက်ခဲ့သော မောင်ကျော်ဇင်ထွန်း၏ ဖခင်အမည်မှန်မှာ ဦးအေးမြင့်ဖြစ်ပါသည်။

ဦးအေးမြင့်

မွေးသက္ကရာဇ်အမှန်

ဒုတိယအမ်ဘီဘီအက်(၁/၂၀၁၁) သင်တန်းတွင် ခုံအမှတ်-၂၁၄ တွင် တက်ရောက်နေသော မောင်ဇော်ဝင်း၏ မွေးသက္ကရာဇ်အမှန်မှာ ၁၃-၄-၁၉၉၃ ဖြစ်ပါသည်။

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြော်ငြာချက်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ (၁-က)ရပ်ကွက်၊ ချစ်တီးကုန်း(၆)လမ်း၊ အမှတ်(၈၀-ခ) ဟုခေါ်တွင်သော မြေ ၀.၀၂၅ ဧကကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးတင်ညွန့် [၁၂/မဂဒ(နိုင်)၀၄၁၉၉၁]ထံမှ ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများ ဤကြော်ငြာသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ခိုင်လုံသော အထောက်အထားများနှင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

ဒေါ်စိုးနုခိုင်
[၁၄/မမန(နိုင်)၀၀၃၉၇၉]
၁၂၊ ကျောင်းကြီးလမ်း၊ ကြည့်မြင်တိုင်မြို့နယ်
ဖုန်း-၀၉-၅၀၂၄၃၈၂

ဦးကိုကိုအောင်(ကမ္ဘာ့ဘုရင်အပြည်ပြည်ဆိုင်ရာဆောက်လုပ်ရေး)နှင့် အများသိစေရန်ကြေညာချက်

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ အင်္ဂပူမြို့နယ်၊ ထူးကြီးရပ်ကွက်၊ ဇေတဝန်လမ်း၊ အမှတ်(၈၂/က)နေ ဒေါ်မာယာဘီ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ကမ္ဘာ့ဘုရင်အပြည်ပြည်ဆိုင်ရာဆောက်လုပ်ရေးဥက္ကဋ္ဌ ဦးကိုကိုအောင်နှင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မာယာဘီတို့သည် ၁၁-၈-၂၀၀၃ရက်၌ "နှစ်ဦးသဘောတူလုပ်ငန်းအပ်နှံလက်ခံခြင်း ကတိစာချုပ်"ကို ပြုလုပ်ချုပ်ဆိုကြပြီး ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေးမြောက်ရပ်ကွက်၊ ဒိုဘီ(ယခု-မန္တလေး)၊ ၃လမ်း၊ အမှတ်(၃၀/၃၂)အမည်တွင်သော မြေတိုင်းရပ်ကွက်အမှတ်-၁၂ (H)၊ မြေကွက်အမှတ်- V. ၆၅/၆၆၊ ဧရိယာ ၀.၀၅၆ ဧကရှိ နှစ်(၉၀)ဂရန်မြေပေါ်တွင် လေးခန်းတွဲ (၆)ထပ်တိုက်သစ်တစ်လုံးဆောက်လုပ်ရန် သဘောတူလက်မှတ်ရေးထိုးကြပြီးနောက် ဦးကိုကိုအောင်သည် ယနေ့အထိ အဆောက်အအုံအသစ်ဆောက်လုပ်နိုင်ရေးအတွက် မည်သည့်ကိစ္စကိုမျှ ဆောင်ရွက်မှုမရှိသောကြောင့် ၁၁-၈-၂၀၀၃ရက်စွဲပါနှစ်ဦးသဘောတူစာချုပ်၊ စာမျက်နှာ(၄)၊ အပိုဒ်၂(ဃ)ပါ သဘောတူညီချက်အရ ၁၁-၈-၂၀၀၃ရက်စွဲပါ နှစ်ဦးသဘောတူစာချုပ်အား ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မာယာဘီမှ တစ်ဖက်သတ်ဖျက်သိမ်းလိုက်ပြီးဖြစ်ပါသည်။

ထို့အပြင် ၁၁-၈-၂၀၀၃ ရက်စွဲပါ နှစ်ဦးသဘောတူကတိစာချုပ်အရ ကျွန်ုပ်၏မိတ်ဆွေမှ ဦးကိုကိုအောင်အား လွှဲအပ်ထားသော အထူးကိုယ်စားလှယ်လွှဲစာမှတ်ပုံတင်အမှတ်-၄၇၈၆/၂၀၁၁ ကိုလည်း တစ်ဖက်သတ်ရုပ်သိမ်းလိုက်ပြီးဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ရှို့စ်မာလာကျော်ငြိမ်း LL.B ဦးဝင်းမြင့် H.G.P,LL.B
အထက်တန်းရှေ့နေ(စဉ်-၃၂၆၁၁) တရားလွှတ်တော်ချုပ်ရှေ့နေ(စဉ်-၃၈၄၉)
တိုက်-၁၀/၁၂၊ အခန်း(၀၀၄/အေ)၊ မြေညီထပ်၊၃၅-လမ်းတို(အောက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

အမည်ပြောင်း

ဦးခင်ဝင်း[၁၃/နခတ(နိုင်)၀၀၉၀၈၃]၏သမီးတ/ဥက္ကလာပမြို့နယ်၊အထက(၄)၊နဝမတန်း(F) အောင်မှ မစမ်းစမ်းထွေး၏ အမည်မှန်မှာ မမိမိထွေးဖြစ်ပါသည်။

မမိမိထွေး

အမည်ပြောင်း

ဒဂုံမြို့သစ် မြောက်ပိုင်းမြို့နယ်၊ အမက(၂၀)ကျောင်းမှ(ဘ) ဦးအောင်သွင်၏သားသူငယ်တန်းမှမောင်အောင်မိုးသိန်းအား အောင်သီဟဟုပြောင်းလဲခေါ်ပါရန်။

အမည်ပြောင်း

ဦးကျော်ဆန်းအောင် [၁၂/မကန(နိုင်) ၀၆၆၅၈၀]၏သမီး၊ မ/ဥက္ကလာ၊ အာသာကီ(၁)လမ်း၊ အခြေခံပညာအထက်တန်းကျောင်းသတ္တမတန်းမှ မထက်လမင်းအိမ်အား မကျော်နန္ဒဟု ပြောင်းလဲခေါ်ပါရန်။

မကျော်နန္ဒ

မစန်းစန်းအေးနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၅၁)ရပ်ကွက်၊ ရွှေသရဖီလမ်း၊ အမှတ်(၈၀)တွင် နေထိုင်သူ ဦးမြင့်ဇော်[၉/နထက(နိုင်)၁၅၃၉၁၉]၏ ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ဦးမြင့်ဇော်၏ ဇနီးဖြစ်သူမစန်းစန်းအေး [၁၂/ဒဂမ(နိုင်)၀၂၄၂၇၅]သည် ခွင့်မလွှတ်နိုင်သည့်ကိစ္စများပြုလုပ်ပြီး နေအိမ်မှ ထွက်သွားပါသဖြင့် ဇနီးအဖြစ်မှစွန့်လွှတ်လိုက်ကြောင်း၊ ၎င်းနှင့်ပတ်သက်၍မည်သည့်ကိစ္စကိုမျှတာဝန်မယူကြောင်း ကြေညာအပ်ပါသည်။

ဦးမြင့်ဇော်၏ညွှန်ကြားချက်အရ-
ဒေါ်ချစ်သက်ပိုင်(LL.B)
အထက်တန်းရှေ့နေ(စဉ်-၂၈၀၃၆)
အမှတ်(၁၇)၊ ပထမထပ်၊
ကြံခင်းလမ်း၊
စမ်းချောင်းမြို့နယ်၊
ရန်ကုန်မြို့။

ဗုဒ္ဓ ဓမ္မ သံဃ
ကောင်းသန့်(မအီတဲ့ဒံပေါက်)

အလှူမင်္ဂလာပွဲများအတွက် ဒံပေါက်နှင့်ထောပတ်ထမင်း အော်ဒါလက်ခံသည်။

2 B ပါရမီလမ်း ချော်တွင်းကုန်းမီးပွိုင့်အနီး ဖုန်း-၀၉၈၆၂၇၃၇၈



ဝိုင်းယုယ အဆင့်မြင့်မူကြို

- အသက် ၂နှစ်မှ ၅နှစ်
- အခြေခံအင်္ဂလိပ်စကားပြော၊ လက်ရေးလှ၊ သီချင်း၊ ကစားနည်းမျိုးစုံ
- လုံခြုံစိတ်ချသန့်ရှင်းမှုကိုအဓိကဖန်တီးပေးထားသော သင်ယူမှုဝန်းကျင်
- ယဉ်ကျေးလိမ္မာစွာနေထိုင်နည်းများ
- သင်ကြားမှုအထောက်အကူပြုပစ္စည်းများစွာဖြင့် သင်ကြားသည်

"၉နှစ်ပြည့်အထူး ကျောင်းဝင်ကြေးအခမဲ့"
ဇွန်လတစ်လတည်းသာ
ကျောင်းကားရှိသည်။

အမှတ်-၂၇၃၊ ဒုတိယထပ်၊ ဗညားဒလလမ်း၊ အောင်မင်္ဂလာမှတ်တိုင်၊ တာမွေမြို့နယ်၊ ဖုန်း-၀၉-၇၃၀၁၁၀၉၁၊ ၀၉-၇၃၁၆၅၀၆၂

ကုန်အမှတ်တံဆိပ်၊ အမည်၊ အမှတ်အသားနှင့်ပတ်သက်၍ သတိပေးကြေညာချက်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်းတောင်ရပ်ကွက်၊ ညောင်တုန်းလမ်း၊ အမှတ်(၃၀)နေ ဒေါ်စုစုဝေ[၇/ကဝန(နိုင်)၁၁၅၇၃၄]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအများသိစေရန် ကြေညာအပ်ပါသည်။

အောက်တွင် ဖော်ပြထားသည့် ကုန်အမှတ်တံဆိပ်၊ အမည်၊ အမှတ်အသားများကို ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် ဒေါ်စုစုဝေတစ်ဦးတည်းပိုင် အသုံးပြုရန် မှတ်ပုံတင်စာချုပ်အမှတ် (၄/၄၁၅၅)အရ မှတ်ပုံတင်သွင်းခဲ့ပြီး ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဖြန့်ချိရောင်းချသွားမည်ဖြစ်ပါသည်။

"လန်းဆန်း" အမည်ဖြင့်(ကျား/မ)ဆေးခိုင်ခြင်း၊ အနံ့ကြီးကွင်းကျယ်ခြင်း၊ အသားချော၊ ချည်ချော၊ အဆင့်မြင့်လုံချည်များကို ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စုစုဝေက တစ်ဦးတည်းမူပိုင်ဖြင့် အသုံးပြုလျက်ရှိသော အထက်ပါကုန်အမှတ်တံဆိပ်၊ အမည်၊ အမှတ်အသားများကို တစ်စိတ်တစ်ဒေသဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား၊ တုပသုံးစွဲခြင်းများကို မပြုလုပ်ရန် သတိပေးတားမြစ်အပ်ပါသည်။ အကယ်၍သတိပေးတားမြစ်ချက်ကို လိုက်နာဆောင်ရွက်ခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်စုစုဝေ၏လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အိအိဖြိုး LL.B,D.B.L ဦးချစ်ဆန်း LL.B, D.I.L, D.B.L
အထက်တန်းရှေ့နေ(စဉ်-၂၉၈၇၁) တရားလွှတ်တော်ချုပ်ရှေ့နေ(စဉ်-၅၄၆၀)
အမှတ်(၃၃၇/၃၃၈)(ဝဲ)၊ ဒုတိယထပ်၊
လမ်း၄၀နှင့်မဟာဗန္ဓုလလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉၇၃၀၂၂၀၂၇၊ ၆၉၁၇၁၄

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဓမ္မစေတီလမ်း၊ အမှတ်(၁၂၆)ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၂၉/D)၊ မြေကွက်အမှတ်-(၄၇၆-A/၂-၈)၊ ဧရိယာ(၀.၂၁၄)ဧကရှိ ဂရန်ရှိ မြေပိုင်အမျိုးအစား မြေကွက်နှင့်ဆက်နွယ်သည့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးအရောင်းအဝယ်ပြုလုပ်ခြင်းကိစ္စ

အထက်ဖော်ပြပါမြေကွက်နှင့်ဆက်နွယ်သည့် အကျိုးခံစားခွင့်အရပ်ရပ်ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြမြေယာဌာန၏ မြို့မြေစာရင်းမှတ်တမ်းတွင် အမည်ပေါက်ပိုင်ဆိုင်သည်ဟု ဝန်ခံပြောဆိုသူ ဦးကျော်ခင်[၁၂/ကတတ(နိုင်)၀၀၉၀၁၃]မှ ရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူသည့်အတွက် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သောငွေကြေးကို စရန်ငွေအဖြစ် ဦးကျော်ခင်ထံပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါပစ္စည်းအပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူတို့မှ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစပြီး (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မိမိလှိုင် LL.B
တရားလွှတ်တော်ချုပ်ရှေ့နေ(စဉ်-၅၃၅၄)
အေရှပလာဇာ၊ အခန်း(၀၂-၂၅)၊ ပထမထပ်၊
ဆိပ်ကမ်းသာလမ်း၊ (အထက်)၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၀၃၉၁၁၇၊ ၀၉-၅၁၁၂၀၅၁

မီးသင့်ဖယောင်းပျက်ရောင်းချရန်ကြော်ငြာ

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့တွင် မီးသင့်ဖယောင်းပျက် ပိဿာ ၈၀၀၀ ကျော်အား တင်ဒါစနစ်ဖြင့် ရောင်းချရန်ရှိပါသည်။ ဝယ်ယူလိုသူများသည် တင်ဒါပုံစံနှင့် စည်းကမ်းချက်တစ်စုံလျှင် ၅၀၀၀ိ/-နှုန်းဖြင့် ဂေါပကအဖွဲ့ရုံး ဗဟိုသိုလှောင်ဌာန၌ ဝယ်ယူ၍ ၈-၆-၂၀၁၁ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီ နောက်ဆုံးထား၍ ဈေးပြိုင်တင်ဒါ တင်သွင်းနိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

အသေးစိတ်အချက်အလက်များသိရှိလိုပါက ရုံးချိန်အတွင်း ဂေါပကအဖွဲ့ရုံး ဗဟိုသိုလှောင်ရေးဌာနတွင် စုံစမ်းနိုင်ပါသည်။

ထွန်းအောင်ငွေ
(ဒု-ရုံးအဖွဲ့မှူး)



ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

ရှမ်းပြည်နယ်၊ ကလောမြို့၊ ရွာသစ်ရပ်ကွက်၊ အမှတ်(၁၉)၊ အမှတ်(၃)ရပ်ကွက်၊ အမှတ် (၃/၈၉)နှင့် ဆက်စပ်လျက်ရှိသည့် မြေဟုခေါ်တွင်သည့် မြေကွက်၏ အလျားပေ၁၅၀×အနံပေ ၅၀ရှိ မြေကွက်သက်သက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ရောင်းချပိုင်ခွင့်ရှိသော ဦးချစ်ငြိမ်း [၁၃/ကလန(နိုင်)၀၁၁၀၃၈] ကိုင်ဆောင်သူ(ပိုင်ရှင်)ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဖြစ်သူက ဝယ်ယူရန် သဘောတူပြီးဖြစ်သည့်အတွက် စရန်ငွေတချို့တစ်ဝက်ကိုပေးချေပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားများပြသ၍ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ထားသောရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အေးမြင့် (စဉ်-၂၅၉၆) ဒေါ်ဇာလီထွန်း(စဉ်-၂၅၄၆၆)
တရားလွှတ်တော်ချုပ်ရှေ့နေ အထက်တန်းရှေ့နေ
အမှတ်-၃၉၊ စကားဝါပင်အလယ်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၉ ၅၀၂၅၄၄၂

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ မင်းရဲကျော်စွာ(၈)လမ်း၊ အမှတ်(၇၆)ဟုခေါ်တွင်ပြီး မြေတိုင်းရပ်ကွက်အမှတ်(၇)၊ လူနေရပ်ကွက်အမှတ်(၇)၊ မြေကွက်အမှတ်(၇၆)၊ ဒေါ်ယုရှင် အမည်ပေါက်နှစ် (၆၀)မြေငှားဂရန်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ကျွန်ုပ်မိတ်ဆွေမှ ဝယ်ယူရန် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးအပ်ထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ကြေညာသည့်ရက်မှစ၍ တစ်ဆယ့်လေးရက်အတွင်း ရုံးချိန်၌ ကျွန်ုပ်ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ လာရောက် ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဦးဝင်းဆွေဦး(၃၈၄၁) တရားလွှတ်တော်ချုပ်ရှေ့နေ
အမှတ်-၅၈(ပ-ထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့

ကမ္ဘာ့တိရစ္ဆာန်ဆေးကုနေ့ အထိမ်းအမှတ် ခွေးရူးရောဂါတိုက်ဖျက်ရေး ဟောပြော

ကော့သောင်း မေ ၂၄

ကမ္ဘာ့တိရစ္ဆာန်ဆေးကုနေ့ အထိမ်းအမှတ် ခွေးရူးရောဂါတိုက်ဖျက်ရေး ပညာပေးဟောပြောပွဲကို ဧပြီ ၂၈ ရက် နံနက် ၁၀ နာရီက ကော့သောင်းခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံး၌ ကျင်းပရာ **(အပေါ်ပုံ)** ကော့သောင်းခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာခင်မောင်က ကမ္ဘာ့တိရစ္ဆာန်ဆေးကုနေ့အကြောင်းနှင့် ခွေးရူးရောဂါတိုက်ဖျက်ရေးကို အဓိကဦးတည်ချက်ထားဆောင်ရွက်မည့်အကြောင်း ရှင်းလင်းပြောကြားပြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ကော့သောင်းမြို့နယ် တာဝန်ခံ ဒေါက်တာနိုင်တင်ထွဋ်က ခွေးရူးရောဂါတိုက်ဖျက်ရေး ပညာပေးဟောပြောခဲ့ကြောင်းသိရသည်။

(ခရိုင်ပြန်/ဆက်)

သစ်တောသစ်ပင် ဒို့ချစ်ခင်

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

အင်တာနက်
နည်းပညာသတင်း

ဘာသာပြန် - တက်လူ



အစ္စရေးနိုင်ငံရှိ ရေငန်မှ ရေချို ထုတ်လုပ်ပေးနိုင်သော စက်ရုံတစ်ရုံကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာ့ဒုတိယအကြီးဆုံး ရေငန်မှရေချိုထုတ်လုပ်ရေးစက်ရုံ အစ္စရေးတည်ဆောက်မည်

ဂျေရုဆလင် မေ ၂၅

အစ္စရေးနိုင်ငံ၌ ကမ္ဘာ့ဒုတိယအကြီးဆုံးသော ရေငန်မှ ရေချို ထုတ်လုပ်သည့် စက်ရုံတစ်ရုံကို တည်ဆောက်မည်ဖြစ်ကြောင်း မေ ၂၃ ရက် သတင်းကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

အစ္စရေးနိုင်ငံသည် ရေရှားပါးမှုပြဿနာကို လျော့ပါးသက်သာစေရန် ပင်လယ်ဆားငန်ရည်မှ ရေချိုထုတ်လုပ်သည့် စက်ရုံကို ၂၀၁၃ ခုနှစ်တွင် အပြီးတည်ဆောက်မည် ဖြစ်သည်။

အစ္စရေးနိုင်ငံရှိ အက်စ်ဒီအယ်လ် သိပ္ပံနှင့်နည်းပညာကုမ္ပဏီသည် နိုင်ငံအလယ်ပိုင်း၌ ရေငန်မှ ရေချိုထုတ်လုပ်သည့် စက်ရုံကြီးကို တည်ဆောက်မည့် စီမံကိန်းအတွက် လုပ်ငန်းကန်ထရိုက် ရရှိထားသည်။

အစ္စရေးနိုင်ငံ၌ ရေငန်မှ ရေချိုထုတ်လုပ်သည့် စက်ရုံသုံးရုံကို ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။ အစ္စရေးနိုင်ငံ ဆော်ရက်ဒေသ၌ စက်ရုံသစ်တည်ဆောက်ပြီးစီးသည့်အခါ အစ္စရေးအိမ်ထောင်စုများ၏ ရေလိုအပ်ချက်ပမာဏအနက် ၆၅ ရာခိုင်နှုန်းကို ဖြည့်ဆည်းပေးနိုင်မည် ဖြစ်သည်။

အစ္စရေးနိုင်ငံသည် ၂၀၂၀ ခုနှစ်ထက် နောက်မကျဘဲ တစ်နှစ်လျှင် ရေငန်မှ ရေချို ကုဗမီတာ သန်း ၇၅၀ ထက်မနည်း ထုတ်လုပ်နိုင်မည်ဟု မျှော်လင့်ရသည်။

ကမ္ဘာ့အကြီးဆုံးသော ရေငန်မှ ရေချိုထုတ်လုပ်ရေးစက်ရုံသည် အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး)၌ တည်ရှိသည်။

အမေရိကန်နိုင်ငံ၌ အကြီးဆုံးသော ရေငန်မှ ရေချိုထုတ်လုပ်ရေး စက်ရုံသည် ဖလော်ရီဒါပြည်နယ် တမ်ပါပင်လယ်အော်၌ တည်ရှိသည်။

ကမ္ဘာတစ်ဝန်း၌ ရေငန်မှ ရေချိုထုတ်လုပ်မှုပမာဏမှာ တစ်ရက်လျှင် ဂါလန် ၁၂ ဘီလီယံရှိကြောင်း နိုင်ငံတကာ လေ့လာချက်တစ်ရပ်အရ သိရသည်။

အင်တာနက်။

မှတ်သားဖွယ်ရာ မိုးရေချိန်များ ၂၅ - ၅ - ၂၀၁၁	ရန်ကုန်(ကမ္ဘာအေး)	ရန်ကုန်(မင်္ဂလာဒုံ)	လောင်းလုံ
	၃ ဒသမ ၇၇ လက်မ	၂ ဒသမ ဝ၄ လက်မ	၁ ဒသမ ၈၉ လက်မ
	ဇလွန်	ပုသိမ်ဒို	မန္တလေး
	၂ ဒသမ ၇၆ လက်မ	၁ ဒသမ ၉၃ လက်မ	၁ ဒသမ ၅၇ လက်မ

ယနေ့ သတင်းအညွှန်း

မိုးရာသီသစ်ပင်စိုက်ပျိုးရာ၌ ပြည်သူများပူးပေါင်းပါဝင်
ကျေးရွာသုံး စိုက်ခင်းများအား ဒေသခံများ
စနစ်တကျ အသုံးချနိုင်ရန်စီမံ စာမျက်နှာ - ၃

စိုက်ပျိုးစရိတ်နှင့် မျိုးစပါး အချိန်မီဖြန့်ဖြူးမည်
ပျက်စီးခဲ့သည့် တာတမံနှင့် ရေတားကာရီများ အမြန်ပြုပြင်
စာမျက်နှာ - ၇

ရောဝတီတံတား (ရတနာသိဃ်)အား ချဉ်းကပ်လမ်း
နှစ်ဖက်လုံး ကတ္တရာလမ်းပြီးစီးရေး အမြန်ဆောင်ရွက်
စာမျက်နှာ - ၈

အရည်အချင်းပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များ
ပြုစုပျိုးထောင်၊ နိုင်ငံတော်နှင့် သုတေသနလုပ်ငန်းများ
ဖွံ့ဖြိုးရေး ကြိုးပမ်းဆောင်ရွက် စာမျက်နှာ - ၉

အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဝင်မည့် တိုက်ကွမ်ဒို
အားကစားသမားများ ကိုရီးယားသို့ သွားရောက်လေ့ကျင့်မည်
စာမျက်နှာ - ၁၀

ဒေးဗစ် ဒီဂီယာကို ပေါင် ၁၈ ဒသမ ၃ သန်းဖြင့်
မန်ယူခေါ်ယူ စာမျက်နှာ - ၁၀